## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**


# မြဝတီ

နေ့စဉ်

မှန်မည်ထူးမည် မြန်မည်ဦးမည် အသွင်သစ်နှင့်မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၀၆)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်ရေဖြင့် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၃၃၇၉ ဧက စိုက်ပျိုးပြီးစီး



ပွင့်ဖြူ ဩဂုတ် ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားဧကပြည့်မီရေးအတွက် ဇူလိုင်လဆန်းပိုင်းမှစတင်စိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်ထိ မိုးစပါး ၁၃၃၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားရေရိက္ခာဖူလုံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ မိုးစပါး ၆၉၉၄၄ ဧက လျာထားစိုက်ပျိုးလျက်ရှိသည်။ ဒေသခံတောင်သူများက သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးပြီးစီးစေရေးအတွက် **စာမျက်နှာ ၁၆ ကော်လံ ၁** ➢

## ၂၀၂၄ ခုနှစ် ဇူလိုင်လ မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးလျှောက်ထားသူများအတွက် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့မှ ထုတ်ပေးခွင့်ကျသည့်စာရင်းကို ထိုင်းနိုင်ငံဆိုင်ရာ သံရုံးကြေညာ စာ - ၁၅ သို့

## မန္တလေးပြည်သူ့ဆေးရုံကြီး၌ ပြုတ်တောက်သွားသောညာလက်ညှိုးကို ပြန်လည်ဆက်ပေးသည့်ခွဲစိတ်ကုသမှု အောင်မြင် စာ - ၁၀ သို့

## ဆောင်းပါး


မြှင့်တင်အားပေး ဝါသီးနှံဖွံ့ဖြိုးရေး စာ - ၁၂ သို့

ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများလှူဒါန်း စာ - ၁၅ သို့

ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးနေသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲခူးတိုင်းဒေသကြီးမှ စားသောက်ဖွယ်ရာများပို့ဆောင် စာ - ၂၅ သို့


## မိုင်းဟဲကြိုးဝိုင်းကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်အတွင်း **စာမျက်နှာ ၁၇ ကော်လံ ၁** ▸▸


ကုန်ဆုံးသွားသော စွမ်းအားများ

**DAGON Malta Fresh** နဲ့ ဖြည့်စွမ်းထား ...

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂ ရက်)

# တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၄) ကို ဇူလိုင်လ ၃၁ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်သည်။ အစည်းအဝေးသို့တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်များက နိုင်ငံတော်တွင်လက်ရှိဖြစ်ပေါ်နေသည့် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး၊ လူမှုရေးနှင့်အခြားအထွေထွေကိစ္စရပ်များကို ကဏ္ဍအလိုက်ပြည့်စုံစွာဆွေးနွေးကြသည်။ နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့်နိုင်ငံရေးအခြေအနေအရ အရေးပေါ်ကာလကိုနောက်ထပ် ၆ လ ထပ်မံသက်တမ်းတိုးမြှင့်ရန် သဘောတူညီဆုံးဖြတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၂၅ နှင့်အညီ **"နိုင်ငံတော်တစ်ဝန်းလုံးအရေးပေါ် အခြေအနေကြေညာထားသည့်ကာလကို ၁-၈-၂၀၂၄ ရက်မှစပြီး နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း"** ကြေညာခဲ့သည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများကြောင့် နိုင်ငံ့သမိုင်းတွင် အလွန်ဆိုးရွားသည့် အမည်းစက်ဖြစ်ခဲ့သည်မျိုးမဖြစ်စေရန်အတွက် မဲစာရင်းများမှန်ကန်ရေးကို အဓိကထားကာ ဆောင်ရွက်လျက်ရှိသည်။ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလတွင် ဆောင်ရွက်မည်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့်အသစ်တည်ထောင် မှတ်ပုံတင်ခွင့်တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၇ ပါတီအနက်မှ နိုင်ငံရေးပါတီ ၅၀ ပါတီကိုမှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီ ၂ ပါတီကိုဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့်ပယ်ဖျက်ခဲ့သည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၄၈ ပါတီရှိပြီဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်များမဲပေးရာတွင်အဆင်ပြေစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၅ ခုရှိ မြို့နယ်စုစုပေါင်း ၁၂ ခုတွင်ရှိသည့် ဒေသခံပြည်သူ ၁၀၇၂၉၉ ဦးကို မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းသည့်ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်ရွေးကောက်ပွဲဥပဒေများနှင့်အညီ ရွေးကောက်ပွဲကိုကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ဒေသအလိုက်လုံခြုံရေးအခြေအနေပေါ်မူတည်ပြီးကျင်းပနိုင်သည့်နယ်မြေများကို ဦးစွာကျင်းပပေးသွားမည်ဖြစ်သည်။ လတ်တလောလုံခြုံရေးအခြေအနေအရ ကျင်းပနိုင်ခြင်းမရှိသေးသည့် နယ်မြေများကိုလည်း လုံခြုံရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်ပြီး ဆက်လက်ကျင်းပနိုင်အောင်ဆောင်ရွက်မည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှသာ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့်မှန်ကန်သည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို လျင်မြန်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် **လုံခြုံရေးပိုင်းနှင့်ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်းသိရသည်။

မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအများစုတို့သည် မိမိတို့၏လူမှုစီးပွားဘဝကိုအေးချမ်းတည်ငြိမ်စွာ ဖြတ်သန်းလိုကြသူများဖြစ်သည်။ တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှုအပြည့်အဝရှိသည့်အနေအထားကိုနှစ်သက်ကြသည်။ လက်ရှိအချိန်တွင် **NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် မြန်မာနိုင်ငံအကျိုးကိုမလိုလားသည့် နိုင်ငံများ၏ထောက်ပံ့မှုများရယူကာ အကြမ်းဖက်တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်နေ**သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၇ ရက်အထိ နိုင်ငံတစ်ဝန်းအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်း၊ သံဃာ ၈၄ ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ/နိုင်ငံ့ဝန်ထမ်း ၇၂၈၄ ဦးသေဆုံးခဲ့ရသည်။ ပညာရေး၊ ကျန်းမာရေးနှင့် လူနေအဆောက်အအုံ ၁၀၉၃၀ လုံးတို့ကို ဖျက်ဆီးခြင်းခံရပြီးဖြစ်သည်။

**ပြည်ပနိုင်ငံအချို့သည် မြန်မာနိုင်ငံအပေါ် ၎င်းတို့လိုချင်သည့် လက္ခဏာမျိုးရရှိစေရန် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောထားကွဲလွဲသူများမှ အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းမီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေးလုပ်နိုင်အောင် ကူညီပေးလျက်ရှိ**သည်။ ထို့ပြင် **မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ခြင်း၊ ဘဏ်များလုပ်ကိုင်နိုင်မှုမရှိအောင်ပိတ်ဆို့ခြင်း၊ နယ်စပ်ကုန်သွယ်ရေးမပြုလုပ်နိုင်အောင် နည်းလမ်းပေါင်းစုံဖြင့်ပြုလုပ်**ခြင်းတို့ဖြင့် တိုင်းပြည်မတည်ငြိမ်အောင် အနှောင့်အယှက်အမျိုးမျိုးကိုလည်း ဆောင်ရွက်နေသည်ကိုတွေ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်သည် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးပင်ဖြစ်သည်။ ရွေးကောက်ပွဲတစ်ရပ်အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ခိုင်လုံသည့် အခြေခံမဲစာရင်းများရရှိရန်လိုအပ်သည်။ ထိုသို့ရရှိရန် မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးကိစ္စရပ်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေး လုံလောက်သည့်အချိန်ရယူရန် လိုအပ်သဖြင့် အရေးပေါ်ကြေညာထားသည့်ကာလကို နောက်ထပ် ၆ လ သက်တမ်းတိုးရခြင်းဖြစ်သည်။ တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့လက်တွဲဆောင်ရွက်လျက်ရှိရာ မကြာမီကာလတွင် အောင်မြင်ပြီးမြောက်တော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ॥

ညောင်ရွှေ၊ လူမှုရေး

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ရက်ကန်းအတိုင်စည်း နည်းပညာသင်တန်းဖွင့်လှစ်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်နေ အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ရက်ကန်းအတိုင်စည်းနည်းပညာ သင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၁ ရက် နံနက်ပိုင်းတွင် အင်းပေါ်ခုံကျေးရွာအုပ်စု အင်းပေါ်ခုံကျေးရွာ၌ ဖွင့်လှစ်ကြောင်း သိရသည်။

ပထမဦးစွာ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်ထူးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်က ကျေးရွာများ၏ ဒေသထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်း သင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုလို အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကလောခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းက သင်တန်းသူများအနေဖြင့် သင်တန်းမှသင်ကြားပေးမည့် ရက်ကန်းနှင့်ပတ်သက်သည့် နည်းပညာများကို ကြိုးစားသင်ယူကြရန်နှင့် ရှေ့ဆက်လက်ဖွင့်လှစ်မည့် သင်တန်းများနှင့်ပတ်သက်၍ဆွေးနွေးကာ သင်တန်းနည်းပြဆရာက သင်ကြားပို့ချမည့် သင်ခန်းစာများအား ကဏ္ဍတစ်ခုချင်းစီအလိုက်ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းပေါ်ခုံ(ရှေ့)၊ အင်းပေါ်ခုံ(နောက်)၊ အင်းပေါ်ခုံ(တောင်)၊ အင်းပေါ်ခုံ(မြောက်)၊အင်းပေါ်ခုံ(လယ်)နှင့် ကျောင်းစင်ကျေးရွာတို့မှ စုစုပေါင်း သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ရက်ကန်းနှင့်ပတ်သက်သည့် အတိုင်စည်းနည်းပညာများကို ကျွမ်းကျင်နည်းပြဆရာများက ဩဂုတ်လ ၁ ရက်မှ ၂၀ ရက်အထိ စာတွေ့၊ လက်တွေ့ ၂၀ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၂-၈-၂၀၂၄(သောကြာနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၅ ဓမ္မပူဇာတေး
၃။ ၇း၃၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၈း၁၅ စိုက်ပျိုးသုတ
၅။ ၈း၂၅ နှစ်(၇၀)ကျော်ကြားတေးများ
၆။ ၉း၃၅ Soft Skill
၇။ ၁၀း၅၀ ကျန်းမာသုတ
၈။ ၁၁း၂၀ အတွေးအမြင်
၉။ ၁၁း၄၀ Sport Review
၁၀။ ၁၂း၁၅ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၁၁။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း**
**အရက်သမား**
**သရုပ်ဆောင် ဖြိုးမွန်ကျော်၊ သဥ္ဇာမြင့်မိုရ်**
**ဒါရိုက်တာ ဟိန်းကိုကိုကျော်**

**MWD Variety Channel**

၁။ ၉း၄၆ ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း
၂။ ၁၁း၄၇ Countries of the World
၃။ ၁၅း၃၇ ဗုဒ္ဓဘာသာအကြောင်းသိကောင်းစရာ
၄။ ၁၆း၂၀ လူငယ်ရှေ့ရေး အတွေးကမ္ဘာ
၅။ ၁၈း၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၆။ ၁၈း၃၇ Wishes For You
၇။ ၂၁း၃၃ ပေး၍မကုန်ပေ
မွန်မြတ်လှတဲ့ပညာအမွေ

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၂-၈-၂၀၂၄(သောကြာနေ့)

၁။ ၀၈း၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၅း၀၀ တော်ဝင်ပန်းလေးသဇင်
၄။ ၁၇း၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၂၁း၂၀ မြန်မာသံစဉ် (ကာလပေါ်)
၆။ ၂၁း၄၀ Love Dictionary

မြဝတီ နေ့စဉ်
The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နေပြည်တော် ဩဂုတ် ၁

# သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်လှစ်





၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့်ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်းသင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မိမိတို့နိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်အဆင့်ကောက်ယူမည်ဖြစ်ရာ သန်းခေါင်စာရင်းကောက်ယူရန် ရက်အားဖြင့် ၆၁ ရက်သာလိုတော့ကြောင်း၊ သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို လွန်ခဲ့သည့်သုံးနှစ်မှစတင်၍ စီမံချက်ရေးဆွဲကာ အချိန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ သန်းခေါင်စာရင်းကွင်းဆင်းကောက်ယူရန် စီမံဆောင်ရွက်သည့်လုပ်ငန်းများ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်ကြောင်း။

ယခုသင်တန်းသားများသည် တိုင်းဒေသကြီး/ပြည်နယ်များတွင် နည်းပြတာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် ယခုသင်တန်းမှလေ့ကျင့်သင်ကြားပေးမှုအပေါ် သေသေချာချာလေ့လာမှတ်သားပြီး နည်းပြအဖြစ် ပြန်လည်သင်ကြားပို့ချသည့်အခါ မခွင်းမချန် ထိထိရောက်ရောက်ပြန်လည်အသုံးချလေ့ကျင့်သင်ကြားပေးကြရန်လိုအပ်ကြောင်း၊ ယခု ဗဟိုအဆင့်နည်းပြသင်တန်းကို သင်တန်းကာလ ၁၀ ရက်ဖြင့်ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသည်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်နည်းပြသင်တန်း၊ ခရိုင်အဆင့် နည်းပြသင်တန်းနှင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို သတ်မှတ်အချိန်အတိုင်း အောင်အောင်မြင်မြင်ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်က ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသားများက နယ်မြေဒေသအခြေအနေများကို တစ်ဦးချင်းရှင်းလင်းတင်ပြကြသည်။

ယခုဖွင့်လှစ်သည့် သန်းခေါင်စာရင်းဆိုင်ရာ ဗဟိုအဆင့်နည်းပြသင်တန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးဌာနမှူးရုံးများနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များအပါအဝင် အရာထမ်း ၅၅ ဦးဖြင့် သင်တန်းကာလ ၁၀ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယခုနည်းပြသင်တန်းပြီးဆုံးပါက တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်အဆင့် နည်းပြသင်တန်းများနှင့် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ စီမံချက်များအတိုင်း ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

ရန်ကုန် ဩဂုတ် ၁

# EPS TOPIK Skills Test စာမေးပွဲဖြေဆိုနေမှုကို ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုစစ်ဆေး၍ Info Myanmar Vocational School သို့ သွားရောက်အားပေး




အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပညာရေးတက္ကသိုလ်၌ ကိုရီးယားသမ္မတနိုင်ငံသို့ အလုပ်လုပ်ကိုင်ခွင့်စနစ် (Employment Permit System - EPS) ဖြင့် လုပ်သားများစေလွှတ်ရန် (၁၆) ကြိမ်မြောက် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK) အောင်မြင်သူများ အခြေခံကျွမ်းကျင်မှု (Skills Test) စစ်ဆေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

EPS ဖြင့် အလုပ်သမားစေလွှတ်ခြင်းကို မြန်မာနိုင်ငံမှ ၂၀၁၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်လအထိ လုပ်သားဦးရေ ၆၅၀၀၀ ကျော် စေလွှတ်ခဲ့ပြီးဖြစ်သည်။ ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်လုပ်ကိုင်လိုသူများအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ Human Resource Development Service of Korea (HRD-Korea) က ကျင်းပသော ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK)ကို ဦးစွာဖြေဆိုရပြီး အောင်မြင်သူများသာ အခြေခံကျွမ်းကျင်မှု(Skills Test) စစ်ဆေးခြင်းကိုခံယူ၍ EPS စနစ်အတွင်း ကိုရီးယားအလုပ်ရှင်များက ရွေးချယ်မှသာ ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်လုပ်သားဦးရေခွဲတမ်းရရှိမှုအလိုက် လုပ်သားများ စေလွှတ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ်အတွက် လုပ်သား ၁၁၀၀၀ ကျော် စေလွှတ်ခွင့်ရရှိထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ကျင်းပသော (၁၆) ကြိမ်မြောက် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK) အောင်မြင်၍ အခြေခံကျွမ်းကျင်မှု(Skills Test)စစ်ဆေးခြင်း စာမေးပွဲကို ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၈ ရက်တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းဖြေဆိုသူ ၃၀၂ ဦးနှင့် ဆောက်လုပ်ရေးလုပ်ငန်းဖြေဆိုသူ ၂၁၁ ဦးကိုလည်းကောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပြည်လမ်း ကမာရွတ်မြို့နယ်၌ ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၁ ရက်အထိ ဝန်ဆောင်မှုလုပ်ငန်း-အုပ်စု (၂) ဖြေဆိုသူ ၃၆၈၇ ဦးကိုလည်းကောင်း စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၈) ရပ်ကွက် သီရိမင်္ဂလာလမ်း အမှတ်(၆) ရှိ Info Myanmar Vocational School သို့သွားရောက်၍ IT ပိုင်းဆိုင်ရာ နည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး Info Myanmar Vocational School သည် ခေတ်နှင့်လျော်ညီသည့် IT ပိုင်းဆိုင်ရာ နည်းပညာများကို ပို့ချလျက်ရှိသဖြင့် အရည်အသွေးပြည့်ဝသည့် သင်တန်းသားများကို ပိုမိုမွေးထုတ်ပေးရန်မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)



နေပြည်တော် ဩဂုတ် ၁

# ပုဗ္ဗသီရိမြို့နယ် တောင်သူများပူးပေါင်းပါဝင်သော သက်လျှင်အထွက်ကောင်းစပါးမျိုးများ ရွေးချယ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့်စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ မျိုးမွေးမြူရေးပညာရှင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ထားသည့် တောင်သူများကိုယ်တိုင်ပါဝင်သော မိဘမျိုး နှစ်မျိုးနှင့်အထက် မျိုးကူးစပ်ထားသည့် စပါးသားဆက်လိုင်းများမွေးမြူရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက်တွင် အထွက်ကောင်း သက်လျှင်စပါးမျိုးသားဆက်လိုင်းများ ရွေးချယ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက ယခုကဲ့သို့ သက်လျှင်အထွက်ကောင်းစပါးမျိုးများ မျိုးစပ်ခြင်းဆိုင်ရာ အခြေခံမျိုးဗီဇပညာရပ်နှင့်သားဆက်လိုင်းရွေးချယ်ခြင်းဆိုင်ရာနည်းပညာများကို တောင်သူများလက်တွေ့လေ့လာဆောင်ရွက်နိုင်ကြစေရန်၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများနှင့်နီးနီးကပ်ကပ်တွေ့ဆုံ၍ စပါးမျိုးများ မျိုးစပ်မွေးမြူခြင်းဆိုင်ရာနည်းပညာများ မျှဝေဖလှယ်နိုင်စေရန် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်၍ တောင်သူဦးကြီးများက စိတ်တူဆန္ဒတူပူးပေါင်းပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှပညာရှင်များ၊ ဇေယျာသီရိမြို့နယ်မှ တောင်သူများသည် စပါးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက်တွင် စိုက်ပျိုးထားသည့် သက်လျှင်အထွက်ကောင်း စပါးမျိုးများကို ကွင်းဆင်းရွေးချယ်ခဲ့ကြကြောင်း သိရသည်။

(၅၀၀)

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

နိုင်ငံတော်၏ဆောင်ရွက်ပေးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ရွှေ့လုပ်ငန်းများကို ရှင်းပြမှုဖြစ်တော့မည်ဟုစဉ်းစားပြီး အစီအစဉ်တစ်ခု လုပ်ခဲ့သည်။

မီဒီယာများကို ရေဝပ်ဧရိယာကျေးရွာများသို့ ဖိတ်ကြားပြသခဲ့သည်။ ၂၈-၁၂-၂၀၁၂ ရက်တွင် ကုန်းချိုင်းကျေးရွာအနီးရှိ ကွပ်ကဲရေးရုံး တွင်ပြုလုပ်ခဲ့သည်။ သိလိုသည်များကို ဒုတိယညွှန်ကြားရေးမှူးချုပ်က ဖြေသည်။ ရွာသားများကလည်း မီဒီယာများ၏မေးမြန်းမှုကို ပွင့်လင်းစွာ ဖြေကြသည်။



ရေဝပ်ဧရိယာအတွင်း မီဒီယာများနှင့်တွေ့ဆုံပွဲ (၂၈-၁၂-၂၀၁၂)

တက်ရောက်လာသည့်မီဒီယာများနှင့် ဖိတ်ကြားသင့်၍ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ စုံညီစွာတက်ရောက်၍ သိလိုသည်များကို မေးမြန်းကြသည်။ ဆောင်ရွက်မှုအားလုံး ပွင့်လင်းမြင်သာအောင် ကိန်းဂဏန်းအချက်အလက်များ၊ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရန် စသည်တို့ကို ရှင်းပြသည်။ နောက်တစ်လခန့်အကြာတွင် ၎င်းတို့ကိုထပ်မံဖိတ်ကြား၍ တမံနှင့်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဌာနယာဉ်များဖြင့် ဖိတ်ခေါ်၍ ရှင်းလင်းပြသခဲ့သည်။

ထူးခြားမှုမှာ ပျဉ်းမနား လေ့ခွင်းတောင်မှ အရှေ့တည့်တည့်တွင်ရှိသော တမံလုပ်ငန်းခွင်သို့သွားသည့်လမ်း(စီမံကိန်းလမ်း)မှာ ၄၅ မိုင်ခန့် ရှည်လျားပြီး တောင်တက်၊ တောင်ဆင်းလမ်းဖြစ်သည်။ ရေဝပ်ဧရိယာ သွားလမ်းမှာ ပျဉ်းမနား-ပင်လောင်းလမ်းအတိုင်း လိန်းလီတံတားအနီးထိ မိုင် ၄၀ ခန့်သွားရသည့် သီးခြားလမ်းဖြစ်သည်။

တစ်နေရာနှင့်တစ်နေရာ တစ်ရက်တည်းနှင့်အရောက်သွားရန် အချိန်မလုံလောက်သည့်အတွက် ညှိနှိုင်းပြီး နှစ်ခေါက်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အားလုံးလိုလိုက ယခင်မီဒီယာများတွင် ဖော်ပြနေမှုများနှင့် ယခုအမြင်ကွဲလွဲနေကြောင်း ဖွင့်ဟကြသည်။

ရေဝပ်ဧရိယာကျေးရွာများ ပြောင်းရွှေ့ပေးခြင်းတွင် ပေးလျော်ခဲ့ရသည့် ထောက်ပံ့ငွေနှုန်းထားများကိုလည်း ဖော်ပြပေးပါဦးမည်။

**အထက်ပေါင်းလောင်းရေဝပ်ဧရိယာပြောင်းရွှေ့ကျေးရွာများအတွက် ထောက်ပံ့ခဲ့သည့် နှုန်းထားများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | နှုန်းထား |
|---|---|---|---|
| (က) | အဆောက်အအုံများအတွက် | | |
| ၁။ | ဝါးသွဲ့ပေါက်ကာ/ခင်း၊ သက်ငယ် (ခြေတံရှည် ၁ ထပ်) | ပုတ်ပြတ် | ၆၃၀၀၀၀/- |
| ၂။ | ထရံကာ၊ သွပ်မိုး၊ ပျဉ်ခင်း (ခြေတံရှည် ၁ ထပ်) | စပေ | ၅၄၀၀/- |
| ၃။ | ထရံကာ၊ သွပ်မိုး၊ ပျဉ်ခင်း (၂ ထပ်) | စပေ | ၈၈၂၀/- |
| ၄။ | ပျဉ်ကာ၊ သွပ်မိုး၊ ပျဉ်ခင်း (ခြေတံရှည် ၁ ထပ်) | စပေ | ၆၉၉၀/- |
| ၅။ | အုတ်နံကပ်၊ သွပ်မိုး (ကွန်ကရစ်ခင်း ၁ ထပ်) | စပေ | ၁၂၅၄၀/- |
| ၆။ | အုတ်နံကပ်၊ သွပ်မိုး(ပျဉ်ခင်း ၂ ထပ်) | စပေ | ၁၇၂၇၅/- |
| ၇။ | အောက်ထပ်အုတ်နံရံကပ်၊ အပေါ်ပျဉ်ကာ/ခင်း | စပေ | ၁၃၉၈၀/- |
| (ခ) | လယ်၊ယာ၊ကိုင်း၊ကျွန်း၊ ဥယျာဉ်များအတွက် | | |
| ၁။ | လယ် (စာရင်းပေါက်/စာရင်းမပေါက်) (နွေရာသီတွင် ဖော်ထုတ်စရိတ်' သီးနှံနစ်နာကြေး) | တစ်ဧက | ၁၀၅၀၀၀၀/- |
| ၂။ | ယာ၊ကိုင်း၊ကျွန်း (စာရင်းပေါက်) | ဧက | ၄၅၀၀၀၀/- |
| ၃။ | ယာ၊ကိုင်း၊ကျွန်း (စာရင်းမပေါက်) | ဧက | ၂၂၅၀၀၀/- |
| ၄။ | ဥယျာဉ် (စာရင်းပေါက်) | ဧက | ၃၅၀၀၀၀/- |
| ၅။ | ဥယျာဉ် (စာရင်းမပေါက်) | ဧက | ၁၇၅၀၀၀/- |
| (ဂ) | လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်၊ ခြံပိုင်ဆိုင်မှုမရှိသည့်လုပ်သားများ | အိမ်ထောင်စု | ၃၀၀၀၀၀/- |
| (ဃ) | ဈေးဆိုင်များ | မိသားစု | ၂၀၀၀၀၀/- |
| (င) | နှစ်ရှည်သီးပင်၊ စားပင်များ | | |
| ၁။ | အုန်း၊ ထန်း၊ ကွမ်းသီး | ပင် | ၃၀၀၀၀/- |
| ၂။ | သရက်၊ ပိန္နဲ၊ တညင်း၊ မန်ကျည်း၊ ရှောက်၊ သံပရာ၊ ထောပတ် | ပင် | ၁၀၀၀၀/- |
| ၃။ | မာလကာ၊ ဩဇာနှင့် တခြား | ပင် | ၅၀၀၀/- |

လယ်ယာရှိသူများသည် မိမိလယ်ယာအကျယ်ရှိသလောက် ထောက်ပံ့ငွေရရှိပါမည်။ သစ်တောပလပ်မြေတွင် မိမိမူလဧကအတိုင်း မြေနေရာ အခမဲ့ရရှိပါမည်။

ပြောင်းရွှေ့ကျေးရွာများအတွက် မြေ ၆၁၁ ဧကကို ပြုပြင်သုံးစွဲခဲ့သည်။ မိသားစုတစ်စုလျှင် မြေအကျယ် ၈၀ ပေ× ၆၀ ပေ၊ ၈၀ ပေ × ၈၀ ပေ၊ ၈၀ ပေ × ၁၀၀ ပေ စသည်ဖြင့် မြေအနေအထားပေါ်မူတည်၍ အကွက်ရိုက်ပေးသည်။

ကျေးရွာပြောင်းရွှေ့မှု ၂၃ ရွာနှင့် ရွာမပြောင်းရွှေ့ရသော်လည်း ပူးတွဲပံ့ပိုးပေးခဲ့သောရွာနှစ်ရွာ စုစုပေါင်း ၂၅ ရွာအတွက် ဆောင်ရွက်ပေးခဲ့သော လုပ်ငန်းများကိုလည်း ဖော်ပြပေးပါမည်။

**အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ရေဝပ်ဧရိယာကျေးရွာ ၂၃ ရွာနှင့် ပူးတွဲပါနှစ်ရွာအတွက် ဆောင်ရွက်ပေးခဲ့မှုများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| ၁။ | ဘုန်းတော်ကြီးကျောင်း | ခု | ၁၈ |
| ၂။ | ခရစ်ယာန်ဘုရားကျောင်း | ခု | ၁ |
| ၃။ | စာသင်ကျောင်း | ခု | ၂၀ |
| ၄။ | ဆရာ/ဆရာမ နေအိမ် | ခု | ၂၁ |
| ၅။ | စာကြည့်တိုက် | ခု | ၂၀ |
| ၆။ | ဈေး (ဆိုင်တန်း ၃ တန်းပါ) | ခု | ၁ |
| ၇။ | ကုန်စည်ဒိုင်နေရာကွက်လပ် | ခု | ၁ |
| ၈။ | လမ်းမျိုးစုံ | မိုင် | ၅၄.၆ |
| ၉။ | လမ်းရေထုတ်ပြွန်/တံတား | စင်း | ၁၆၈ |
| ၁၀။ | ရေမမြုပ်သော်လည်း သီးခြားကျန်ရှိခဲ့သည့် ရေဆိုးကျေးရွာသို့လမ်းဖောက်လုပ်ခြင်း | | |
| | (က) ပေ ၃၀ အကျယ် လမ်းဖောက်လမ်းခင်းခြင်း | မိုင် | ၁၀ |
| | (ခ) ရေထုတ်ပြွန်တံတား | စင်း | ၃၃ |
| ၁၁။ | ပျဉ်းမနား-ပင်လောင်းလမ်း၊ရေမြုပ်မည့်နေရာ တာပေါင်မြှင့်ခြင်းနှင့်ကျောက်လမ်းကတ္တရာ အသစ်ပြုလုပ်ခြင်း(ဆောက်လုပ်ရေးဝန်ကြီးဌာန သို့ အပ်ငွေစနစ်ဖြင့်လုပ်ငန်းအပ်နှံခဲ့သည်) | ဖာလုံ | ၆ |
| ၁၂။ | ကိုးတောင်ပြည့်စေတီ | ဆူ | ၂၁ |
| ၁၃။ | သိမ် | ခု | ၁၈ |
| ၁၄။ | ဇရပ် | ခု | ၂၀ |
| ၁၅။ | တောရကျောင်း | ခု | ၃ |
| ၁၆။ | ဓမ္မာရုံ | ခု | ၃ |
| ၁၇။ | အာရုံခံတန်ဆောင်း | ခု | ၅ |
| ၁၈။ | သီလရှင်ကျောင်း | ခု | ၁ |
| ၁၉။ | ကျေးရွာတိုင်းအတွက် အဝင်ဆိုင်းဘုတ် | ခု | ၂၀ |
| ၂၀။ | မပြောင်းရွှေ့ဘဲကျန်ခဲ့သည့် ဝေးလံရွာ နှစ်ရွာအတွက် စက်လှေ | စီး | ၂ |
| ၂၁။ | ရေရရှိရေးလုပ်ငန်းများ | | |
| | (က) ဂါလန် ၂၅၀၀ ဆံ့ အုတ်ရေကန် | လုံး | ၆၆ |
| | (ခ) ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် | လုံး | ၈၂ |
| | (ဂ) ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန် | လုံး | ၁၂ |
| | (ဃ) ဂါလန် ၁၅၀၀၀ ဆံ့ အုတ်ရေကန် | လုံး | ၁၀ |
| | (င) ဂါလန် ၂၀၀၀၀ ဆံ့ အုတ်ရေကန် | လုံး | ၄ |
| | (စ) ဂါလန် ၄၀၀ ဆံ့ ဖိုက်ဘာရေကန် | လုံး | ၇၄ |
| | (ဆ) ၇ ထပ် ပန့်နှင့် မော်တာ | စုံ | ၂ |
| | (ဇ) ၃ ထပ် ပန့်နှင့် မော်တာ | စုံ | ၁ |
| | (ဈ) ၅ ထပ် ပန့်နှင့် မော်တာ | စုံ | ၂ |
| ၂၂။ | ရေပိုက်သွယ်တန်းမှု | | |
| | (က) ၆ လက်မ အချင်း G.I ပိုက် | ပေ | ၂၃၂၃၀ |
| | (ခ) အရွယ်စုံ PVC ပိုက် | ပေ | ၃၄၄၈၁၈ |
| ၂၃။ | လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ | | |
| | (က) ၃၃ ကေဗွီ ဓာတ်အားလိုင်း | မိုင် | ၂၄.၅၂၃ |
| | (ခ) ၁၁ ကေဗွီ ဓာတ်အားလိုင်း | မိုင် | ၂၃.၉၉၈ |
| | (ဂ) ၀.၄ ကေဗွီ ဓာတ်အားလိုင်း | မိုင် | ၄၁.၄၄၁ |
| | (ဃ) ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ | ရုံ | ၁ |
| | (င) ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ | လုံး | ၁၂ |
| | (စ) ၃၃/၀.၄ ကေဗွီ ထရန်စဖော်မာ | လုံး | ၅ |
| | (ဆ) အိမ်သုံးလျှပ်စစ်မီတာ | လုံး | ၂၆၅၃ |
| | (ဇ) Energy Saver လမ်းမီး | စုံ | ၉၀၀ |
| | (ဈ) မပြောင်းရွှေ့ဘဲတောင်ပေါ်တွင် မူရင်းအတိုင်းကျန်ခဲ့သည့်ရွာ (ရွှေတကြီးကျေးရွာ)ရွာလုံးကျွတ် ဆိုလာတပ်ဆင်ပေးခြင်း | စုံ | ၃၀ |

ကျေးရွာပြောင်းရွှေ့မှုကြောင့် အိမ်ရာသစ်များထူထောင်ကြရာတွင် ဆောက်လုပ်ရေးပစ္စည်း၊ သွပ်၊ သံ၊ နန်းကြိုး၊ သံဖိနပ်၊ ဘိလပ်မြေမှအစ လိုအပ်သော အိမ်ဆောက်ပစ္စည်းများဝယ်ယူရေးဌာနမှ ယာဉ်ကြီးများ စီစဉ်ပေးခဲ့သည်။ အသုံးပြုလိုသူအားလုံး၏ ဗဟိုချက်နေရာတွင်ရှိသော ကျေးရွာများပြောင်းရွှေ့ရေးကြီးကြပ်မှုစခန်းတွင် လာရောက်၍ ယာဉ်တောင်းခံသုံးစွဲနိုင်သည်။ **ဆက်လက်ဖော်ပြပါမည်။**

---

ရွှေတောင်၊ သဘာဝဘေး

## သဘာဝဘေးသင့်ဒေသများရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများသို့ တိရစ္ဆာန်အစာနအိတ်များပေးအပ်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သဘာဝဘေးသင့်ဒေသများသို့ တိရစ္ဆာန်အစာနအိတ်များပေးအပ်ပွဲကို ဇူလိုင်လ ၃၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ရွှေတောင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးချမ်းဝင်းက တိရစ္ဆာန်အစာနကျွေးပုံကျွေးနည်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေတောင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သဘာဝဘေးသင့်ဒေသများသို့ တိရစ္ဆာန်အစာနအိတ်များပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးချမ်းဝင်းတို့က သဘာဝဘေးကျရောက်သည့် ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု ၁၉ အုပ်စုတို့အတွက် တိရစ္ဆာန်အစာနအိတ် ၄၀ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

ရှမ်းရွာသစ်၊ အသိပညာပေး

# ရှမ်းရွာသစ်မြို့ အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ



ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဩဂုတ်လ ၁ ရက်တွင် အမှတ် (၂) ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းရွာသစ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မိုးအေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများ၊ ကလေးအလုပ်သမားဟူသည်အဘယ်နည်း၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကလေးအလုပ်သမားနှင့်ပတ်သက်၍ အသိပညာပေးအကြောင်းအရာများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သိကောင်းစရာများပါဝင်သော အသိပညာပေး နံရံကပ်စာစောင်များကို ပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

ကျောက်ဆည်၊ စိုက်ပျိုးရေး

# ကျောက်ဆည်မြို့နယ်၌ စိုက်ပျိုးသီးနှံမျိုးစုံ ရေပြည့်ဝစွာပေးဝေနိုင်ရေး သင်းတွဲမြောင်းတွင် တိုက်ရိုက်ရေပေးပွြန်များ ပြန်လည်ပြုပြင်ပေး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးသီးနှံမျိုးစုံဧက ၁၅၀ အတွက် ရေပြည့်ဝစွာပေးဝေနိုင်ရေး ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သင်းတွဲမြောင်းတွင် တိုက်ရိုက်ရေပေးပွြန်များ ပြန်လည်ပြုပြင်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ပြုပြင်ပေးခဲ့သည့်ရေပွြန်များသည် ကျောက်ဆည်မြို့နယ် ဗလီကွင်းကျေးရွာအနီး၌ရှိပြီး သင်းတွဲမြောင်း၏ ဝဲဘက် ပေတိုင်အမှတ် (၃၆+၅၂၀)၊ (၃၆+၇၈၄)၊ (၃၈+၆၇၅)၊ မြောင်း၏ယာဘက် ပေတိုင်အမှတ် (၄၃+၈၇၀) ရေပွြန်များဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်းခွင့်ပြုငွေ ငွေကျပ် ၃၅ သန်း အကုန်အကျခံကာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူ၍ ရေပွြန်အားလုံး၏ရေပွြန်နဖူးစည်းများ၌ ရေတိုက်စားခြင်းမှ ကာကွယ်ရန်အတွက် ကျောက်သားနံရံများနှင့် ရေထိန်းတံခါးများတပ်ဆင်ခြင်း၊ သံကူကွန်ကရစ်ရေပွြန်အသစ်များ တပ်ဆင်ခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေပွြန်အသစ်များ ပြန်လည်ပြုပြင်ပေးခြင်းကြောင့် သင်းတွဲမြောင်းမှ ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးနေသည့် ဗလီကွင်းကျေးရွာနှင့် တခြားကျေးရွာများမှ တောင်သူများ၏ သီးနှံမျိုးစုံဧက ၁၅၀ အတွက် ဆည်ရေများပေးဝေရာတွင် အချိန်နှင့်တစ်ပြေးညီ စနစ်တကျအပြည့်အဝ ပေးဝေနိုင်ပြီဖြစ်သည့်အတွက် ဒေသခံတောင်သူများ၏ ဆည်ရေသောက်သီးနှံအားလုံး ရေပြည့်ဝစွာသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

ရန်ကုန်၊ အသိပညာပေး

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်လှစ်


ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှကြီးမှူး၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်း အမှတ်စဉ် (၁၆) ကို ဩဂုတ်လ ၁ ရက်တွင် ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တအုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနန်းချစ်ဦးက ငွေကြေးခဝါချမှုနည်းပုံစံများဖြစ်သည့် အိမ်၊ ခြံ၊ မြေ၊ မော်တော်ယာဉ်စသည့်အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်း၊ ငွေကြေးလဲလှယ်ခြင်းနှင့် ငွေသားပြောင်းလဲခြင်း၊ တရားဝင်နှင့် တရားမဝင်ငွေကြေးများကို ရောနှောပြသခြင်း၊ အမည်ခံ၊ ဘဏ္ဍာထိန်း၊ မိသားစုဝင်၊ တတိယအဖွဲ့အစည်းများအသုံးပြုခြင်း၊ ကုန်သွယ်မှုအသုံးပြုခြင်း၊ လောင်းကစား (ထီ) အသုံးပြုခြင်း၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ အသုံးပြုခြင်းတို့ကို သင်ကြားပို့ချခဲ့ကြောင်း၊ ယင်းသင်တန်းသို့ သင်တန်းသားဦးရေ ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**လင်းခန့်**

မိုးလေဝသ သတင်း




တောင်သာ၊ ကျေးလက်ဖွံ့ဖြိုးရေး

# တောင်သာမြို့နယ် သာယာမြိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေး

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာများအနက် Type-2 အမျိုးအစားကျေးရွာဖြစ်သော သာယာမြိုင်ကျေးရွာ၌ ပဉ္စမအကြိမ်စီမံကိန်းရန်ပုံငွေပြန်လည်ထုတ်ချေးခြင်းကို ဩဂုတ်လ ၁ ရက်တွင် အဆိုပါကျေးရွာဓမ္မာရုံ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ အကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်က သာယာမြိုင်ကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ငွေကျပ် ၃၅၂ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက သာယာမြိုင်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၇ ဦးအတွက် ငွေကျပ် ၃၅၂ သိန်းကို အသင်းသားတစ်ဦးချင်း၏လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

မင်းလှ၊ လူမှုရေး

## တိရစ္ဆာန်အစာကောက်ရိုးအား တန်ဖိုးမြှင့်အစာအဖြစ် ပြုပြင်ကျွေးမွေးနည်းစနစ်များကို တောင်သူပညာပေးသရုပ်ပြ



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တောင်သူများအား တိရစ္ဆာန်အစာပေါ်များစေရန်နှင့် ဒေသထွက်တိရစ္ဆာန်အစာများအား တန်ဖိုးမြှင့်တိရစ္ဆာန်အစာအဖြစ် ပြုပြင်ကျွေးမွေးနိုင်ရေးအတွက် ကောက်ရိုးကို စနစ်တကျထုပ်ပိုးသိမ်းဆည်းခြင်း၊ ကောက်ရိုးချဉ်ဖတ်ပြုလုပ်ခြင်း၊ ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ကျွေးမွေးခြင်းနည်းစနစ်များကို တောင်သူပညာပေး သရုပ်ပြဆောင်ရွက်ခြင်းကို ဇူလိုင်လ ၃၁ ရက်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာပွင့်မြတ်နိုးသိမ့်က တောင်သူများအား တိရစ္ဆာန်အစာကိုတန်ဖိုးမြှင့်ပြုပြင်ကျွေးမွေးခြင်းနည်းစနစ်များ၊ ရရှိနိုင်မည့် အကျိုးကျေးဇူးများအား အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် တန်ဖိုးမြှင့်တိရစ္ဆာန်အစာအဖြစ် ပြုပြင်ကျွေးမွေးနိုင်ရေး ကောက်ရိုးချဉ်ဖတ်ပြုလုပ်ခြင်း၊ ကောက်ရိုးကိုယူရီးယားဖြင့် ပြုပြင်ကျွေးမွေးခြင်းနည်းစနစ်များကို လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တောင်သူပညာပေးသရုပ်ပြသပွဲတက်ရောက်လာသည့် တောင်သူများအား ပြုပြင်ထားသောကောက်ရိုးအိတ်များ၊ မွေးမြူရေးအတွက်အကျိုးရှိရှိအသုံးပြုနိုင်သည့် EM ဘိုကာရှိဘူးများ၊ ၅၀ ကီလိုဂရမ် အာဟာရပြည့်နွားစာအိတ်များကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

မိုးနဲ၊ လူမှုရေး

## မိုးနဲမြို့နယ်၌ ဆီပဲပုပ်မျိုးစေ့များပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း)မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးမည့် တောင်သူများအား ဆီပဲပုပ်မျိုးစေ့ပေးအပ်ခြင်းကို ဩဂုတ်လ ၁ ရက်တွင် ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးက မျိုးစေ့များပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးမည့်တောင်သူများအား ဧက ၁၈၀ အတွက် တစ်ဧကလျှင် ၄ ပြည်နှုန်းဖြင့် ဆီပဲပုပ်မျိုးစေ့များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသီးသီးပေးအပ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



ကျောက်တံခါး၊ လူမှုရေး

## ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ဆိပ်ကလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း၊ ဆိုလာစွမ်းအင်သုံးရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ်လ ၁ ရက်တွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် ဝန်ထမ်းများက ဆင်ဆိပ်ကလေးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ပြည်သူများ ကျေးရွာလူထုနေ့စဉ်အသုံးပြုသွားလာရမည့်လမ်းဖြစ်ပြီး လမ်းရေရှည်တည်တံ့အောင်၊ ပျက်စီးမှုမရှိအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားကြရမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါ ဆင်ဆိပ်ကလေးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း ၂ (၆၀၀ ပေ × ၃ ပေ × ၆ လက်မ) လုပ်ငန်း၊ ဆိုလာစွမ်းအင်သုံးရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၄၃ အိမ်၊ လူဦးရေ ၈၀၄ ဦးတို့အတွက် ကျေးရွာတွင်းလမ်း မိုးတွင်းကာလ လမ်းသားပျက်စီးမှုမရှိဘဲ ကျေးရွာသာယာလှပခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့်**

**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# အရွယ်မတိုင်မီ မျက်စိအဝေးမှုန်ပြဿနာအဖြေရှာ

ပေါက်ပေါက်

**စမတ်ဖုန်း၊ ကွန်ပျူတာများ ကြည့်ရှုချိန်လွန်ကဲခြင်းနှင့် မျက်စိအဝေးမှုန်ပြဿနာ**

မျက်စိအဝေးမှုန်ခြင်းသည် ကလေးဘဝအရွယ်များတွင် ဖြစ်ပွားတတ်သော်လည်း မည်သည့်အသက်အရွယ်မျိုးမဆို ရင်ဆိုင်ရနိုင်ကြောင်း၊ သို့သော် စမတ်ဖုန်းကြည့်ခြင်းကဲ့သို့ မှန်သားပြင်ကြည့်ရှုချိန် ပုံမှန်ထက်လွန်ကဲပါက မျက်စိအဝေးမှုန်ပြဿနာပေါ်လာနိုင်ခြေ ပုံမှန်ထက် ၃၉ ရာခိုင်နှုန်းမြင့်မားပြီး ကွန်ပျူတာအသုံးပြုချိန်လွန်ကဲမှုကိုပါ ထည့်ပေါင်းပါက ၈၀ ရာခိုင်နှုန်းအထိ မြင့်မားလာနိုင်ကြောင်း သိရသည်။ လက်ရှိတွင် အမေရိကန်ပြည်ထောင်စုအပါအဝင် ကမ္ဘာ့နိုင်ငံတချို့တွင် ပြည်သူများကြား မျက်စိအဝေးမှုန်ပြဿနာမှာ ပုံမှန်ထက် ၂၅ ရာခိုင်နှုန်းနီးပါး မြင့်တက်လာကြောင်း၊ လက်ရှိနှုန်းထားအတိုင်း အဝေးမှုန်ဖြစ်ပွားနှုန်းမြင့်တက်လာပါက ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့တစ်ဝန်းရှိ ပြည်သူ ၄ ဘီလီယံအထိ မျက်မှန်တပ်ရန်လိုအပ်လာမည်ဖြစ်ကြောင်းနှင့် ၂၀၅၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ အမြင်အာရုံကျန်းမာရေးပြဿနာ ပေါ်ထွက်လာနိုင်ကြောင်းကို အမေရိကန်ပြည်ထောင်စု ရိုချက်စတာနည်းပညာအင်စတီကျူမှ သုတေသနပညာရှင်များက သတိပေးထားသည်။

**စမတ်ဖုန်း၊ ကွန်ပျူတာတို့ကြောင့် မျက်စိမထိခိုက်စေရေး**

ကမ္ဘာတစ်ဝန်း အင်တာနက်ခေတ်ရေစီးကြောင်းနှင့်အညီ အလုပ်ကြောင့်ဖြစ်စေ၊ အပျင်းပြေဖြစ်စေ ဂိမ်းကစားသူများလည်း အင်တာနက်သုံးရင်းအချိန်ကုန်လွန်နေကြပြီး ကလေးများက ဂိမ်းစွဲသလို သက်လတ်ပိုင်းနှင့် တချို့သက်ကြီးပိုင်းများပါ အင်တာနက်စွဲလမ်းမှုရောဂါစွဲကပ်နေကြသည်။ စမတ်ဖုန်း၊ ကွန်ပျူတာမျက်နှာပြင်အကြည့်များခြင်းကြောင့် အမြင်အာရုံဝေဝါးခြင်း၊မျက်လုံးအိမ်ခြောက်သွေ့ကာ မျက်ရိုးကိုက်ခြင်း၊ မျက်ရည်ပူကျခြင်း၊ လည်ပင်း၊ ပခုံး၊ နောက်ကျောနာကျင်ခြင်းများဖြစ်ပွားပြီး နောက်ဆက်တွဲဝေဒနာများအဖြစ် ခေါင်းမူးခေါင်းကိုက်၍ ဇက်ကြောတက်ခြင်းနှင့် အရိုးကျီးပေါင်းရောဂါများလည်း ဖြစ်စေနိုင်သည်။

ထို့ကြောင့် စမတ်ဖုန်း၊ ကွန်ပျူတာအသုံးပြုခြင်းကြောင့် မျက်စိမထိခိုက်စေရေးအတွက် အောက်ဖော်ပြပါနည်းလမ်းကောင်းတချို့ကို အကြံပြုလိုပါသည်။

- စမတ်ဖုန်း၊ ကွန်ပျူတာများကို အသုံးပြုမှုများခြင်းကြောင့် ယင်းမျက်နှာပြင် အလင်းရောင်များကို ကြည့်ခြင်းနှင့် သက်ဆိုင်သောအမြင်အာရုံချို့တဲ့ခြင်းမှ ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ မျက်စိကို မကြာခဏအနားပေးရမည်။

- အီလက်ထရွန်နစ်ပစ္စည်းများကို အမြဲကိုင်တွယ်အသုံးပြုနေရပါက ယင်းတို့မှ အလင်းပြန်ခြင်းကိုကာကွယ်ရန် မျက်စိနှင့် ၁၄ လက်မအကွာတွင် သာထား၍ အသုံးပြုရမည်။ အထူးသဖြင့် ကွန်ပျူတာ၊ Laptop များက မျက်စိခြောက်သွေ့ခြင်းကို ဖြစ်ပေါ်စေနိုင်သည့်အတွက် ကွန်ပျူတာအမြဲသုံးနေရသူများသည် Laptop အစား Desktop ကွန်ပျူတာကို ပြောင်းလဲသုံးသင့်သည်။ ကွန်ပျူတာသုံးနေစဉ် ထိုင်ခုံကိုမြင့်၍သော်လည်းကောင်း၊ မျက်စိနှင့်တစ်တန်းတည်းမကျအောင် ကွန်ပျူတာကို ၄ လက်မခန့် အောက်ဘက်သို့နှိမ့်၍သော်လည်းကောင်း အသုံးပြုသင့်သည်။

- စမတ်ဖုန်း၊ ကွန်ပျူတာများကို နေ့စဉ်အသုံးပြုရသူဖြစ်ပါက ကွန်ပျူတာကို မိနစ် ၂၀ ကြာအသုံးပြုပြီးတိုင်း ပေ ၂၀ အကွာသို့ စက္ကန့် ၂၀ ကြာ ကြည့်ပေးခြင်းဖြင့် မျက်စိညောင်းညာမှုမှ သက်သာစေနိုင်သည်။ ယင်းလေ့ကျင့်ခန်းကို အနည်းဆုံးနှစ်နာရီခြားတစ်ကြိမ်ပြုလုပ်ပေးသင့်သည်။

- စမတ်ဖုန်း၊ ကွန်ပျူတာ၊ တီဗွီ စသည့်မည်သည့် အီလက်ထရွန်နစ်ပစ္စည်းများကိုဖြစ်စေ သုံးစွဲသည့်အခါတိုင်း မကြာခဏမျက်တောင်ခတ်ပေးရမည်။ ဤသို့ပြုလုပ်ပေးခြင်းက မျက်ရည်များ မျက်ဝန်းတစ်ခုလုံး ပျံ့နှံ့သွားစေသဖြင့် မျက်စိခြောက်သွေ့ခြင်းမှ ကာကွယ်ရာရောက်သည်။

- ကွန်ပျူတာကြောင့် မျက်စိထိခိုက်ခြင်းမှ သက်သာစေရန်

(၁) အလင်းလျှော့ချပေးသော Flat LCD Monitor ကိုသုံးပါ။

(၂) ရောင်ပြန်ပါသောမျက်မှန်ကို အသုံးပြုပါ။

(၃) ကွန်ပျူတာမသုံးခင် ကွန်ပျူတာမျက်နှာပြင်ပေါ်ရှိဖုန်မှုန့်များကို သေချာသန့်စင်ပါ။

(၄) မျက်နှာနှင့်ကွန်ပျူတာကို ၂ ပေခန့်အကွာထားပြီး ကွန်ပျူတာမျက်နှာပြင်သည် သင့်မျက်လုံးနေရာထက် နိမ့်နေရမည်။

(၅) စာရိုက်မည်ဆိုပါက စာရွက်များကို ကွန်ပျူတာဘေးတွင်ထောင်ထားပါ။ ကွန်ပျူတာလက်ကွက်အလွတ်မရပါက ဦးစွာစာကိုသာကြည့်ရိုက်ပြီး စာလုံးပေါင်းသတ်ပုံအမှန်စစ်ချိန်မှသာ ကွန်ပျူတာကိုကြည့်ပါ။

(၆) ကွန်ပျူတာရှေ့တည့်တည့်တွင် ခါးမတ်မတ်ထိုင်၍ ခြေဖဝါးကိုအောက်သို့ အပြားလိုက်ချထားပါ။

(၇) အခန်းအလင်းရောင်သည် ကွန်ပျူတာနီးပါးလင်းနေရမည်ဖြစ်ပြီး ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင်မထိုင်ရပါ။

(၈) မျက်စိအညောင်းပြေစေရန် ကွန်ပျူတာကို ၁၅ မိနစ်ကြည့်ပြီးတိုင်း အဝေးတစ်နေရာသို့ တစ်မိနစ်ခန့်ကြည့်ပါ။နာရီဝက်ကြာတိုင်း အကြိမ် ၂၀ မျက်တောင်ခတ်ပါ။ တစ်နာရီကြာတိုင်း မျက်စိမှိတ်၍ခေတ္တအနားပေးပါ။

(၉) လက်ဖဝါးနှစ်ဖက်ကို ပူနွေးလာသည်အထိ ပွတ်ပေးပြီးနောက် မျက်လုံးပေါ်သို့ ဖွဖွတင်ပါ။ လက်ချောင်းများကြားမှ အလင်းရောင်ဝင်မလာအောင် လက်ချောင်းများကို ပူးကပ်ထားပါ။

***"အီလက်ထရွန်နစ်ပစ္စည်းများကို အမြဲကိုင်တွယ်အသုံးပြုနေရပါက ယင်းတို့မှ အလင်းပြန်ခြင်းကိုကာကွယ်ရန် မျက်စိနှင့် ၁၄ လက်မအကွာတွင်သာထား၍ အသုံးပြုရမည်။ အထူးသဖြင့် ကွန်ပျူတာ၊ Laptop များက မျက်စိခြောက်သွေ့ခြင်းကို ဖြစ်ပေါ်စေနိုင်သည့်အတွက် ကွန်ပျူတာအမြဲသုံးနေရသူများသည် Laptop အစား Desktop ကွန်ပျူတာကို ပြောင်းလဲသုံးသင့်သည်။ ကွန်ပျူတာသုံးနေစဉ် ထိုင်ခုံကိုမြင့်၍သော်လည်းကောင်း၊ မျက်စိနှင့်တစ်တန်းတည်းမကျအောင် ကွန်ပျူတာကို ၄ လက်မခန့် အောက်ဘက်သို့နှိမ့်၍သော်လည်းကောင်း အသုံးပြုသင့်သည်..."***



လူကြီး၊ လူရွယ်များသာမက ကျောင်းသားလူငယ်များလည်း မျက်စိစစ်ဆေးကြည့်ရန်လိုပါသည်။ အောက်ပါအချက်များကို သေချာစစ်ဆေးကြည့်ပြီးနောက် ယင်းအချက်များနှင့် ကိုက်ညီမှုရှိနေပါက မျက်စိဆရာဝန်နှင့်ဆွေးနွေးတိုင်ပင်ရန် လိုအပ်သည်။

- ၅ ပေသို့မဟုတ် ၆ ပေအထက် အကွာအဝေးတွင်ရှိသော အရာဝတ္ထုပစ္စည်းများကို ကြည့်ရာတွင် ပြတ်ပြတ်သားသားမမြင်ရဘဲ ယင်းအရာဝတ္ထုပစ္စည်းများကို နှစ်ခုထပ်၍မြင်နေရခြင်း။

- မိမိကြည့်ရှုသောအရာဝတ္ထု၏ အစွန်းအနားများ မှုန်ဝါးဝါးဖြစ်နေခြင်း။

- လျှပ်စစ်မီးလုံး သို့မဟုတ် ဖယောင်းတိုင် အလင်းရောင်တို့ကိုကြည့်ရာတွင် မီးရောင်ကို ဝိုင်းပတ်၍ သက်တန့်သဖွယ် အရောင်စုံမြင်နေရခြင်း။

- ညဘက်တွင် အရာဝတ္ထုများကို သဲသဲကွဲကွဲ မမြင်ရခြင်း။

- အလင်းရောင်ကိုကြည့်စဉ် မျက်စိစူးခြင်း၊ အောင့်ခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ အလင်းရောင်ကို ကြောက်နေခြင်း၊ နေကာမျက်မှန်အချိန်မရွေးတပ်ထားလိုသောစိတ်ဆန္ဒဖြစ်ပေါ်နေခြင်း။ မျက်စိနီမြန်းနေခြင်း။

- မိမိနှင့်နီးကပ်သောအရာများကို ကြည့်ရှုရာတွင် အခက်အခဲရှိခြင်း။

- အရာဝတ္ထုများကိုကြည့်ရှုရာတွင် ယခင်ကထက် မှေးမှိန်စွာမြင်ရခြင်း။ မီးအလင်းရောင်နှင့် စာကြည့်ရာတွင် ယခင်ထက်ပို၍ အလင်းရောင်များများလိုအပ်နေခြင်း။

- မျက်စိယားယံခြင်း၊ ပူစပ်ပူလောင်ဖြစ်ခြင်း၊ မျက်စိအောင့်ခြင်း။

- သမံတလင်း၊ ကွန်ကရစ်ကဲ့သို့သောညီညာဖြောင့်ဖြူးသောလမ်းကိုလျှောက်လှမ်းရာတွင် အပေါ်သို့ ခုံးတက်နေသလို၊ အောက်သို့နိမ့်လျှောနေသလို ခံစားရခြင်း။

- အရောင်များကို ကွဲကွဲပြားပြားခွဲခြားမမြင်နိုင်ခြင်း။

- ရှေ့တည့်တည့်သို့ကြည့်ရာတွင် မြင်မြင်သမျှအရာအားလုံး အစက်အပြောက်များအဖြစ် မြင်နေရခြင်း သို့မဟုတ် အမည်းစက်ပြောက်လေးတစ်လုံးနှစ်လုံးခန့်ကို အပေါ်ဘက်၊ အောက်ဘက်သို့ ဘောလုံးသဖွယ်ပြေးနေသည့်သဏ္ဌာန်မြင်နေရခြင်း။

- မျက်စိများခြောက်ကပ်၍ ပိတ်ဖွင့်ရာတွင် ခပ်စပ်စပ်ခံစားနေရခြင်း။

- စာရေးစာဖတ်နေစဉ်နှင့် စာရေးစာဖတ်ပြီးနောက် ခေါင်းကိုက်ခြင်း၊ ဦးခေါင်းနောက်စေ့မှ အုံ၍ကိုက်ခဲနေခြင်း။

အထက်ပါအချက်များအနက် တချို့သောပြဿနာများသည် သွေးတိုးခြင်း၊ သွေးအားနည်းခြင်း၊ အာရုံကြောအားနည်းခြင်း စသည့်ရောဂါများနှင့်လည်း ဆက်နွယ်နေတတ်သဖြင့် အထူးသတိပြုသင့်သည်။

**အကောင်းဆုံးဖြည့်စွက်စာများ**

သင့်တင့်မျှတသော အစာအာဟာရတို့ကိုရွေးချယ်စားသုံးခြင်းကလည်း မျက်စိသွေးလည်ပတ်မှုကို အထောက်အကူပြုကာ မျက်စိအားကောင်းစေပြီး ကြက်မျက်သင့်ရောဂါ၊ အတွင်းတိမ်နှင့် အသက်အရွယ်ကြီးရင့်၍ မျက်စိကွယ်ခြင်းတို့မှ ထိထိရောက်ရောက်ကာကွယ်ပေးနိုင်သည်။ အောက်ဖော်ပြပါဖြည့်စွက်စာများက မျက်စိအားကောင်းစေနိုင်သည်။

- ဗီတာမင်အေကြွယ်ဝသော ငါးကြီးဆီ၊ ကြက်ဥ၊ တိရစ္ဆာန်အသည်း၊ ဘဲငန်းသား၊ မုန်လာဥနီ၊ သင်္ဘောသီး၊ ပြောင်းဖူး၊ ကန်စွန်းဥ၊ ကညွတ်၊ ပဲပင်ပေါက်၊ ထောပတ်ပဲစားသင့်သည်။

- လူတိန်းနှင့် ဇီအာဇန်သင်းဓာတ်ကြွယ်ဝသော ဟင်းနုနယ်၊ ကိုက်လန်၊ မုန်ညင်း၊ မြင်းခွာရွက်၊ အစိမ်းရောင်ပဲသီးစားပေးသင့်သည်။

- ဗီတာမင်စီဓာတ်ကြွယ်ဝသော ပန်းငရုတ်ပွ၊ ပန်းဂေါ်ဖီစိမ်း၊ ဆလတ်ရွက်၊ ကန်စွန်းရွက်၊ ခရမ်းချဉ်သီး၊ စတော်ဘယ်ရီ၊ လိမ္မော်သီး၊ ပန်းသီး၊ ကီဝီသီး၊ သခွားမွှေးစားပေးသင့်သည်။

- ဘိုင်အိုဖလေဗိုနွိုက်ဓာတ်ကြွယ်ဝသော ရှောက်သီး၊ သံပရာသီး၊ သံပရိုသီး၊ ချယ်ရီသီး၊ စပျစ်သီး၊ ဆီးသီးစားပေးသင့်သည်။

- ဗီတာမင်အီးဓာတ်ကြွယ်ဝသော နေကြာစေ့၊ သစ်အယ်သီး၊ မြေပဲ၊ ထောပတ်သီး၊ မက်မွန်သီး၊ ဗာဒံစေ့စားပေးသင့်သည်။


- စီလီနီယမ်ဓာတ်ကြွယ်ဝသော ပုစွန်၊ ကဏန်း၊ ကင်းမွန်၊ ပြည်ကြီးငါး၊ ရေဘဝဲ၊ ခုံးကောင်စသည့် ပင်လယ်စာများစားပေးသင့်သည်။

- ဇင့်ဓာတ်ပါရှိသောကမာကောင် (မုတ်ကောင်)၊ ဂျုံ၊ အစေ့အဆန်အမျိုးမျိုးစားပေးသင့်သည်။

- အိုမီဂါ-၃ ဖက်တီးအက်စစ်ကြွယ်ဝသောဆယ်လ်မွန်ငါး၊ ငါးသေတ္တာငါး၊ တူနာငါး၊ မက်ကရယ်ငါး(ခေါ်) ငါးသလောက်ယောက်ဖ၊ ငါးမည်းလုံးတို့စားပေးခြင်းဖြင့် မျက်စိမှုန်ခြင်းဘေးမှ ကင်းဝေးစေနိုင်မည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ဟိုပုံး၊ လူမှုရေး

## ဟိုပုံးမြို့နယ်၌ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းဖွင့်



၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်း မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁ ရက်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် နည်းပညာသင်တန်းများဖြစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း၊အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်း၊ အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနည်းပညာသင်တန်း၊ စက်ချုပ်နည်းပညာသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်းမှာ သာမန်လျာထားသင်တန်းများအပြင် လုပ်ငန်းရှင်များဖြစ်သည်အထိ မွေးထုတ်ပေးမည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်း ခုနစ်မျိုးအနက် လူငယ်များအလုပ်အကိုင်အခွင့်အလမ်းစီမံကိန်း၊ ဒေသတစ်ခုထုတ်ကုန်တစ်ခုစီမံကိန်း၊ ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများပြန်လည်ထူထောင်ပေးရေးစီမံကိန်းနှင့်အစားထိုးအသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေးစီမံကိန်း စသည့်စီမံကိန်းအမျိုးအစားလေးမျိုးကို ကျေးရွာတစ်ရွာလျှင် စီမံကိန်းတစ်ခုစီဖြင့် ကျေးရွာခြောက်ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဝင်ငွေတိုးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဒေသလိုအပ်ချက်နှင့်ကိုက်ညီမှုရှိပြီး ဒေသခံပြည်သူများတောင်းဆိုသောနည်းပညာပေးသင်တန်းများကို အခြေခံသင်တန်းတစ်ကြိမ်၊ မွမ်းမံသင်တန်းတစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများသည် သင်တန်းသုံးပစ္စည်းများအား ကြည့်ရှုအားပေးပြီး သင်တန်းလုပ်ငန်းခွင်အားကြည့်ရှုသည်။

အဆိုပါ သင်တန်းကို ဩဂုတ်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **(၄၀၅)**

---

မင်းလှ၊ လူမှုရေး

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုး ဆီးချို နှလုံးရောဂါများ အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခြင်းဆောင်ရွက်



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချိုသွေးတိုး၊ နှလုံးရောဂါစစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို ဇူလိုင်လ ၃၁ ရက်တွင် မင်းလှမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ ကျန်းမာရေးစစ်ဆေးခြင်းနှင့်ဆေးကုသပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့်ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းများအား စာရင်းပေးသွင်းပြီး ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ လိုအပ်သည့်ဆေးဝါးများအား အခမဲ့ဆောင်ရွက်ပေးရာ ကျန်းမာရေးလာရောက်စစ်ဆေးသူ ၂၁ ဦးရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **ဓာဓာ(အထက်မင်းလှ)**

---

## အနုပညာခရီးသည်

- နုပညာလျှင်
  ပန်တျာအစု ကျောက်ထုထုနှင့်။
- ခရီးများစွာ၊ ဖြတ်သန်းလာပြီ
  ပွင့်လွှာချပ်ချပ်၊ ပန်းထပ်ထပ်ဖြင့်
  သပ်ရပ်စီစဉ်၊ ဘိုးဘေးကြင်၍
  အမြင်ခရီး ကျေနပ်ပြီးခဲ့။
- ကကြိုး ကလက်၊ မုဒြာဆက်၍
  စည်းချက် ဝါးချက်၊ သံစဉ်ယှက်၍
  နှစ်သက်ကြည်သာ၊ စွဲမက်ရာမို့
  ဆင့်ကာ အဆင်း၊ တံတားခင်းကြ
  က ခြင်း သီ ခြင်း ပန်းနှယ်သင်းဘိ။
- ခရီးမှတ်တမ်း၊ ထိုထို လမ်းလျှင်
  လေကြမ်းခိုက်ကြုံ၊ ကြုံရပုံတို့
  မျက်စုံတွေ့မြင်၊ နွမ်းချင်ချင်တည့်
  သိမြင်ကြရင်း ဆင်ခြင်ခြင်းဖြင့်။
- ထိုသည်ခဏ၊ သဘာဝမို့
  စာဂမပျက်၊ ကောင်းစွာဆက်လော
  တွဲလက်လှူဘောင်၊ အသိဆောင်လော
  မြားမြောင်ရာသော၊ ပန်းသဘောကို
  တွေးတောတွက်စစ်၊ ခြေလှမ်းသစ်လျက်
  ပြည်ချစ်ကောင်းကျိုး၊ ပညာကျိုးကို
  သယ်ပိုးရှိုက်နမ်း၊ မောင် ကြိုးပမ်း၏
  လန်းဘိမဆုံး ပါတကား။
- ခရီးများစွာ၊ ဖြတ်သန်းလာပြီ
  ပွင့်လွှာချပ်ချပ်၊ ပန်းထပ်ထပ်ဖြင့်
  သပ်ရပ်စီစဉ်၊ ဘိုးဘေးကြင်၍
  အမြင်ခရီး ကျေနပ်ပြီးခဲ့။
- နုပညာလျှင်
  ပန်တျာအစု၊ ကျောက်ထုထုနှင့်
  ရတုသမိုင်း ကျန်ခဲ့ပြီ။ ။

**ကိုဇော်ငွေး(ယဉ်ကျေးမှု)**

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
  (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော် ဩဂုတ် ၁

# လယ်ဝေးမြို့နယ် ဂုဏ်မင်းမျှော်ကျေးရွာအဝင်တံတားပျက်စီးမှုနှင့် ဆင်အုံရေလှောင်ကန်၏ သဘာဝ ကုန်းတန်းရေကျော်ပြုပြင်ဆောင်ရွက်ပြီးစီးမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သွားရောက်ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများတက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းကော်မတီများအနေဖြင့် မိုးလေဝသဖြစ်စဉ်များကို မပြတ်လေ့လာပြီး မိမိတို့ဒေသတွင်ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ကူညီကယ်ဆယ်ခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုများနှင့်ပူးပေါင်းပြီးဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များက နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရွက်မည့်အစီအမံများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇူလိုင်လ ၂၉ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်ဝေးမြို့နယ် မဒေါ့ပင်ကျေးရွာအုပ်စု ဂုဏ်မင်းမျှော်ကျေးရွာအဝင် တံတားအရှည် ၂၈ ပေ၊ အကျယ် ၁၇ ပေရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ ကွန်ကရစ်တိုင်တံတားရေတိုက်စားမှုကြောင့် ပျက်စီးခဲ့မှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ယာယီဘေလီတံတားကို အမြန်တည်ဆောက်ပေးပြီး လက်ရှိပျက်စီးခဲ့သည့်တံတားအား အမြန်ပြန်လည်တည်ဆောက်နိုင်ရေး တာဝန်ရှိသူများကိုမှာကြားပြီး ဂုဏ်မင်းမျှော်ကျေးရွာအနီး တောင်သူများစိုက်ပျိုးထားသည့်စပါးခင်းများနှင့် ဆီထွက်သီးနှံနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆင်အုံရေလှောင်ကန်၏ အရှေ့ဘက်ခြမ်း၌ ရေတားအဖြစ်တည်ရှိသည့် သဘာဝကုန်းတန်းရေကျော်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

နေပြည်တော် ဩဂုတ် ၁

# မန္တလေးပြည်သူ့ဆေးရုံကြီး၌ ပြတ်တောက်သွားသောညာလက်ညှိုးကို ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုအောင်မြင်

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်နေ အသက် ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦးသည် မေလ ၁၅ ရက် ညနေ ၄ နာရီခန့်တွင် မိမိကိုယ်တိုင် ဓားနှင့်မတော်တဆ ထိခိုက်မိသောကြောင့် ညာဘက်လက်ညှိုးပြတ်တောက်သွားသည့် ဒဏ်ရာရရှိခဲ့ပြီး ၎င်းကို စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ည ၈ နာရီ ၄၅ မိနစ်တွင် လွှဲပြောင်းပေးခဲ့သည်။







အဆိုပါ ပြတ်တောက်သွားသောလက်ညှိုးကို ပြန်လည်ဆက်ပေးသည့်ခွဲစိတ်မှုအား မန္တလေးပြည်သူ့ဆေးရုံကြီးရှိ လက်ပိုင်းဆိုင်ရာအထူးကုဆရာဝန်ကြီးများက ဆောင်ရွက်ပေးခဲ့ရာ မေလ ၁၆ ရက် နံနက် ၄ နာရီခွဲတွင် အောင်မြင်စွာပြီးစီးခဲ့သည်။

မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လူနာရောက်ရှိလာသည်နှင့် တစ်ပြိုင်တည်း အရေးပေါ်ကုသမှုဌာနမှ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ပြုစုကုသမှုပြုလုပ်ပြီး လိုအပ်သော စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ပေးခဲ့သည်။

မန္တလေးပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာစည်သူ၊ အထူးကုဆရာဝန်ကြီး(လက်ပိုင်းဆိုင်ရာခွဲစိတ်) ဒေါက်တာဒယ်နီရယ်ကိုလေးနှင့် အထူးကုဆရာဝန်ကြီး (လက်ပိုင်းဆိုင်ရာခွဲစိတ်) ဒေါက်တာဖြိုးဆွေဝင်းတင်တို့၏ ကြီးကြပ်မှုဖြင့် ဆေးလက်တွေ့ပါရဂူ လက်ပိုင်းဆိုင်ရာ(ခွဲစိတ်) ပထမနှစ်သင်တန်းသား ဒေါက်တာဇင်ကိုကိုဦး၊ လက်ထောက်ဆရာဝန်(အရိုး) ဦးဆောင်သောခွဲစိတ်အဖွဲ့၊ ပါမောက္ခ/ဌာနမှူး(မေ့ဆေး) ဒေါက်တာအေးအေး၊ အထူးကုဆရာဝန်(မေ့ဆေး) ဒေါက်တာခိုင်မျိုးသွယ်တို့ဦးဆောင်သည့် မေ့ဆေးအထူးကုဆရာဝန်ကြီးများအဖွဲ့နှင့် သူနာပြုဆရာမကြီး ဒေါ်လွင်မာသူတို့ ပါဝင်သောအဖွဲ့များပူးပေါင်း၍ ပြတ်တောက်သွားသော ညာဘက်လက်ညှိုးကို ပြန်လည်ဆက်ပေးသည့်ခွဲစိတ်ကုသမှု (Replantation of index finger)ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

လူနာ၏လက်မှာ ခွဲစိတ်ပြီးချိန်မှစတင်၍ သွေးကြောများ ဖြည်းဖြည်းချင်းပြန်လည်လှည့်ပတ်စီးလာပြီး လက်အခြေအနေမှာ ကောင်းမွန်သဖြင့် ဇွန်လ ၂၄ ရက်တွင် ဆေးရုံဆင်းခွင့်ပြုခဲ့သည်။

အဆိုပါလက်ပြတ်သွားသည့် လူနာကဲ့သို့ ပြတ်တောက်သွားသည့်လက်ကို ခွဲစိတ်ကုသမှုဆောင်ရွက်ရန်အတွက် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့မည်ဆိုပါက ပြတ်တောက်သွားသောလက်ကို ရေသန့်သန့် သို့မဟုတ် အကြောဆေးရည် (Normal Saline or Ringer Lactate) ဖြင့်ဆေးပြီး အကြောဆေးရည်ဖြင့် စိုစွတ်အောင်စိမ်ထားသော ခွဲစိတ်ခန်းသုံးအဝတ်စ (Gauze) ဖြင့်ပတ်၍ သန့်ရှင်းသောပလတ်စတစ်အိတ် သို့မဟုတ် ဘူးထဲသို့ထည့်၍ လည်းကောင်း၊ အကြောဆေးရည်ထည့်ထားသော သန့်ရှင်းသောပလတ်စတစ်အိတ် သို့မဟုတ် ဘူးထဲသို့ထည့်၍လည်းကောင်း၊ လုံခြုံစွာပိတ်ပြီး ရေခဲထည့်ထားသော ရေခဲပုံးအတွင်းထည့်၍ ခြောက်နာရီအတွင်း လွှဲပြောင်းပေးပို့နိုင်ပါက လူနာအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဩဂုတ် ၁

# လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် အားသွင်းစက်များ တင်သွင်းရောက်ရှိ





အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW BESTUNE NAT E05 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX ALPHA S နှင့် ARCFOX အမျိုးအစား လျှပ်စစ်သုံးယာဉ်အားသွင်းစက်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဩဂုတ် ၁

# နေပြည်တော်ကောင်စီနယ်မြေရှိ မွေးမြူရေးတောင်သူများအတွက် မေထုန်မဲ့သားစပ်သင်တန်း ဖွင့်လှစ်



မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျင်းပသည့် မေထုန်မဲ့သားစပ်သင်တန်း (၁/၂၀၂၄/ နပတ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၆)၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မွေးမြူရေးတောင်သူ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မေထုန်မဲ့သားစပ်လုပ်ငန်းကို တိုးချဲ့ဆောင်ရွက်လာနိုင်ခြင်းဖြင့် ထုတ်လုပ်မှုအားကောင်းသော မျိုးကောင်းမျိုးသန့်များကို တိုးချဲ့မွေးမြူနိုင်ကြမည်ဖြစ်၍ ဒေသစားသုံးမှုဖူလုံရေး၊ ဒေသ၏ လူမှုစီးပွားတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မေထုန်မဲ့သားစပ်လုပ်ငန်းကို ကာလတိုသင်တန်းအဖြစ် အခမဲ့ပို့ချပေးခြင်းဖြစ်သော်လည်း ပညာရပ်အပေါ် တန်ဖိုးထားလေ့လာပြီး လက်တွေ့လုပ်ငန်းခွင်၌ အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက သင်တန်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယခုသင်တန်းကို ဩဂုတ်လ ၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေမှ မွေးမြူရေးတောင်သူ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ကို မေထုန်မဲ့သားစပ်လုပ်ငန်းသမိုင်း၊ နွားမျိုးများနှင့် ဆိတ်မျိုးများအကြောင်း၊ မြိုင်သံသရာနှင့် မြိုင်စစ်ဆေးခြင်း၊ မျိုးပွားမှုဆိုင်ရာရောဂါများ၊ တိရစ္ဆာန်ကိုင်တွယ်ထိန်းချုပ်ခြင်း၊ သန္ဓေအောင်မြင်မှုကို အကျိုးသက်ရောက်သောအချက်များ၊ ဇီးစမ်းသပ်ခြင်း၊ မျိုးနွားသိုး မွေးမြူစောင့်ရှောက်ခြင်း၊ မျိုးပွားမှုဆိုင်ရာအာဟာရဗေဒ၊ မေထုန်မဲ့ သားစပ်ကိရိယာပြင်ဆင်ခြင်းနှင့် မျိုးရည်ခဲချောင်း သိုလှောင်ထိန်းသိမ်းခြင်း၊ နွားမျိုးများဖြင့် မျိုးမြှင့်သားစပ်ခြင်း၊ မေထုန်မဲ့သားစပ်ခြင်းဆိုင်ရာ နည်းလမ်းများ၊ ဌာန၏ ဆောင်ရွက်နေသောလုပ်ငန်းများ၊ အမမျိုးပွားအင်္ဂါ ခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ၊ နွားနှင့်ဆိတ် အမမျိုးပွားအင်္ဂါစမ်းသပ်ခြင်းနှင့် မေထုန်မဲ့လက်တွေ့သားစပ်ခြင်းစသည့် သင်ခန်းစာများကို ပို့ချပေးသွားမည်ဖြစ်သည်။

အလားတူ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်းက မိတ္ထီလာခရိုင်၌ ဖွင့်လှစ်သည့် မေထုန်မဲ့ သားစပ်သင်တန်းတွင်လည်း သင်တန်းသား၊ သင်တန်းသူ ၁၀၀ တက်ရောက်ခဲ့ကြပြီး အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆက်လက်ဖွင့်လှစ်ပေးသွားရန် စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

(မြဝတီ)

နေပြည်တော် ဩဂုတ် ၁

# ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်ကြည့်ရှုအားပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၄/၂၀၂၄) သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဇူလိုင်လ ၃၁ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့်တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ သွားရောက်တွေ့ဆုံအားပေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဩဂုတ် ၁

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းက ဒိုင်းဆုရရှိသည့်အသင်းအား ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အားကစားကွင်း၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသောအသင်းတို့အား ဒုတိယတိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှပြိုင်ပွဲဝင်(အမျိုးသား)အသင်း ၈ သင်း၊ (အမျိုးသမီး)အသင်း ၇ သင်းတို့ဖြင့် ဇူလိုင်လ ၂၆ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန် ဩဂုတ် ၁

# အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတဟောင်း H.E.Mr.Hamzah Haz ကွယ်လွန်သွားခဲ့သည့်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး



အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတဟောင်း H.E.Mr.Hamzah Haz သည် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၄ ရက်တွင် ကွယ်လွန်သွားခဲ့သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း အမှတ်(၁၀၀)ရှိ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ နိုင်ငံခြားရေး ဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းသည် ယနေ့ညနေ ၃ နာရီ တွင် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး သည်။

(သတင်းစဉ်)

# မြှင့်တင်အားပေး ဝါသီးနှံဖွံ့ဖြိုးရေး

ကိုချင်းနှင့်ပီပီပီ(စက်မှု)အဖွဲ့ဝင်များ



**နိဒါန်း**

နှစ်စဉ်အောက်တိုဘာလ ၇ ရက်နေ့တွင် ဝါသီးနှံ၏အရေးပါပုံကို သတိပြုမိကြပြီး လယ်သမားများမှ အထည်ချုပ်လုပ်သားများအထိ ဝါဂွမ်းကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံး၏ပံ့ပိုးကူညီမှုများကို အသိအမှတ်ပြုရန် ကမ္ဘာ့ဝါသီးနှံနေ့ကို နှစ်စဉ်ကျင်းပကြသည်။ ကမ္ဘာ့ဝါသီးနှံနေ့ကို နေ့စဉ်လူနေမှုဘဝတွင် ဝါသီးနှံ၏အရေးပါမှုကို အသိအမှတ်ပြုရန်နှင့် ဝါဂွမ်းကဏ္ဍ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သော တိုးတက်မှုကိုမြှင့်တင်ရန်ရည်ရွယ်၍ ကျင်းပပြုလုပ်သည်။ ယနေ့အထိ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဝါသီးနှံနေ့(World Cotton Day 2024)အတွက် ဆောင်ပုဒ်ကို မကြေညာသေးသော်လည်း ၂၀၂၃ ခုနှစ် ကမ္ဘာ့ဝါသီးနှံနေ့ (World Cotton Day)၏ ဆောင်ပုဒ်မှာ "လယ်ယာမှသည် ဖက်ရှင်အထိ လူတိုင်းအတွက် ဝါသီးနှံကိုမျှတပြီး ရေရှည်တည်တံ့စေရန် ဖန်တီးကြပါစို့" ("Making cotton fair and sustainable for all, from farm to fashion.")ဖြစ်ပါသည်။ ကုလသမဂ္ဂက ဝါ၏ကဏ္ဍကိုမြင်သာစေရန်နှင့် ကုန်သွယ်မှုနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေသည်ကို သတိပြုစေလို၍ ကျင်းပခြင်းဖြစ်ပါသည်။

**ကမ္ဘာ့ဝါသီးနှံနေ့ဖြစ်ပေါ်လာပုံ**

အာဖရိကနိုင်ငံ လေးနိုင်ငံဖြစ်သည့် ဘီနင်(Benin)၊ ဘာကီနာဖာဆို (Burkina Faso)၊ ချဒ် (Chad)နှင့် မာလီ (Mali) တို့က ၂၀၀၃ ခုနှစ်တွင် ကော့တွန်-၄ (Cotton-4)ကို အောက်တိုဘာလ ၇ ရက်နေ့တွင် ပဏာမစတင်ခဲ့သည်။ ဤပဏာမခြေလှမ်းသည် တရားမျှတသော ကုန်သွယ်မှုအလေ့အကျင့်များကို မြှင့်တင်ရန်၊ ဈေးကွက်ဝင်ရောက်နိုင်မှု တိုးတက်စေရန်နှင့် အဆိုပါနိုင်ငံများရှိ ဝါစိုက်တောင်သူများ၏အသက်မွေးဝမ်းကျောင်းကို မြှင့်တင်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ ကော့တွန်-၄ (Cotton-4) နိုင်ငံတို့၏အစပြုမှုကို အသိအမှတ်ပြုတုံ့ပြန်သည့်အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (World Trade Organization, WTO) သည် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ပထမဆုံးကမ္ဘာ့ဝါသီးနှံနေ့ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါပွဲကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကုလသမဂ္ဂကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ (UNCTAD)၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC)နှင့် အပြည်ပြည်ဆိုင်ရာ ချည်မျှင်အကြံပေးကော်မတီ (ICAC)တို့ပူးပေါင်း၍ WTO အတွင်းရေးမှူးချုပ်ရုံးမှ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ ဝန်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ အဆင့်မြင့်အရာရှိများ၊ ဂျီနီဗာအခြေစိုက်ကိုယ်စားလှယ်များနှင့် ကမ္ဘာ့ဝါအသိုက်အဝန်းအပါအဝင် နိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးသူများအသင်းများ၊ ကုန်သည်များ၊ စစ်ဆေးရေးဝန်ဆောင်မှုပေးသူများ၊ ဝါတန်ဖိုးမြှင့်ထုတ်လုပ်သူများ၊ ဖွံ့ဖြိုးရေးအကူအညီများ၊ မိတ်ဖက်များ၊ သိပ္ပံပညာရှင်များ၊ ပညာရှင်များ၊ လက်လီရောင်းချသူများ၊ အမှတ်တံဆိပ်ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကကဏ္ဍအပါအဝင် WTO ရုံးချုပ်တွင် တက်ရောက်သူ ၈၀၀ ကျော် တက်ရောက်ခဲ့သည်။ ယင်းအခမ်းအနားသည် ပါဝင်တက်ရောက်သူအတွက် အသိပညာမျှဝေရန်နှင့် ဝါဂွမ်းနှင့်ပတ်သက်သော လှုပ်ရှားမှုများနှင့် ထုတ်ကုန်များကိုပြသရန် အဓိကအခွင့်အရေးတစ်ခုဖြစ်သည်။ ကမ္ဘာ့ဝါသီးနှံနေ့သည် ဝါ၏အရေးကြီးမှုနှင့်လယ်သမားများမှ အထည်ချုပ်လုပ်သားများအထိ ဝါဂွမ်းကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံး၏ပံ့ပိုးကူညီမှုများအား အသိပညာမြှင့်တင်ပေးသောကြောင့် အရေးကြီးပါသည်။

ထို့ပြင် အစိုးရများ၊ စက်မှုလုပ်ငန်းကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်သူအသီးသီးနှင့် ဝါဂွမ်းချည်ထည်ကဏ္ဍကို ဆွေးနွေးမြှင့်တင်ရန် အရေးကြီးသောမှတ်တိုင်တစ်ခုဖြစ်ပါသည်။ စတင်တည်ထောင်ချိန်မှစ၍ ကမ္ဘာ့ဝါသီးနှံနေ့ (World Cotton Day)သည် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး စည်းရုံးရေး၊ ပညာရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ပလက်ဖောင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးခဲ့ပါသည်။

**ဝါသီးနှံ၏အရေးပါမှု**

လူတို့တွင် စား၊ ဝတ်၊ နေရေး အရေးကြီး (၃) ပါးရှိသည့်အနက် အဝတ်သည် ဒုတိယအရေးကြီးဆုံးဖြစ်ပါသည်။ "လူမှာအဝတ်၊ တောင်းမှာအကွပ်"ဆိုသည့် မြန်မာစကားပုံတွင် လူတို့တွင်အဝတ်၏အရေးပါပုံကို ဆိုညွှန်းထားပါသည်။ ဝါသည် ကမ္ဘာ့အရေးအကြီးဆုံး လယ်ယာထွက်ကုန်ထဲမှ တစ်ခုဖြစ်ပြီး နိုင်ငံများစွာ၏စီးပွားရေးကို သိသိသာသာ အထောက်အကူပြုပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝါသည် သန်းနှင့်ချီသော လူများအတွက် အဓိကဝင်ငွေအရင်းအမြစ်ဖြစ်သည်။ ဝါဂွမ်းကဏ္ဍသည် ကမ္ဘာတစ်ဝန်းရှိ လူဦးရေသန်း ၁၀၀ ကျော်ကို အလုပ်ခန့်ထားပြီး လူသန်း ၅၀၀ ကျော်ကို ပံ့ပိုးပေးပါသည်။ အိန္ဒိယ၊ တရုတ်၊ အမေရိကန်နှင့် အာဖရိကနိုင်ငံများစွာတို့ကဲ့သို့ နိုင်ငံများတွင် ဝါဂွမ်းသည် အဓိကပို့ကုန်တစ်ခုဖြစ်ပြီး ကြီးမားသောဝင်ငွေကိုရရှိစေသည်။ အိန္ဒိယတွင် ဝါဂွမ်းလုပ်ငန်းသည် လယ်သမား (၆) သန်းကျော်နှင့် ဆက်စပ်စက်မှုလုပ်ငန်းများတွင် လူသန်းပေါင်းများစွာကို အလုပ်အကိုင်များပံ့ပိုးပေးသည်။

ထို့ပြင် ဝါဂွမ်းစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခူးဆွတ်ခြင်းမှစ၍ ဝါကုန်ချောလုပ်ငန်းစဉ်များဖြစ်သည့် ချည်ထုတ်လုပ်ခြင်း၊ အထည်အလိပ်ရက်လုပ်ခြင်း စသည့်လုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် အမျိုးသမီးအများအပြားပါဝင်လုပ်ကိုင်နိုင်ပါသည်။ ဝါတန်ဖိုးကွင်းဆက်တွင် ပါဝင်ခြင်းဖြင့် အမျိုးသမီးများသည် ကိုယ်ပိုင်ဝင်ငွေရရှိကြပြီး ၎င်းတို့၏မိသားစုနှင့် လူမှုအသိုင်းအဝိုင်းများ၏ သာယာဝပြောရေးကို အထောက်အကူပြုပါသည်။

**ဝါသီးနှံအသုံးဝင်မှု**

ဝါသည် ကမ္ဘာမြေကြီးကပေးသည့် စွယ်စုံရသီးနှံများထဲမှ တစ်ခုဖြစ်ပါသည်။ လူတို့၏အသက်ရှင်နေထိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေး (၃) ချက်တွင် ဝါသီးနှံက ယင်းအခြေခံလိုအပ်ချက် (၃) ချက်လုံးကို ဖြည့်တင်းပေးနိုင်ပါသည်။ ဝါသီးနှံမှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဝါဂွမ်း၊ ဝါစေ့၊ ဝါစေ့ဆီနှင့် ဆီကြိတ်ဖတ်များ ထုတ်လုပ်နိုင်သည်။ ရင့်မှည့်သော ဝါသည်(ဝါပေါက်)မှ ဝါစေ့နှင့် ဝါဂွမ်းကို ခွဲထုတ်ရယူပါသည်။

ဝါဂွမ်းသည် အဝတ်အထည်၊ မျက်နှာသုတ်ပဝါ၊ အိပ်ရာနှင့်အခြားအထည်အလိပ်များအပါအဝင် ထုတ်ကုန်အမျိုးမျိုးပြုလုပ်ရန်အသုံးပြုသည့် သဘာဝအမျှင်တစ်မျိုးဖြစ်သည်။ တာယာ၊ ဆန်ခါများနှင့် စက္ကူကဲ့သို့သော စက်မှုထုတ်ကုန်များစွာတွင်လည်းအသုံးပြုသည်။ ဝါဂွမ်း၏ ၈၀ ရာခိုင်နှုန်းခန့်ကို အဝတ်အထည်များတွင် အသုံးပြုကြပါသည်။ အိမ်တွင်းအလှဆင်ပစ္စည်းများတွင် ၁၅ ရာခိုင်နှုန်းကို အသုံးပြုကြပြီး ကျန် ၅ ရာခိုင်နှုန်းမှာ စစ်ထုတ်ခြင်းနှင့် စုပ်ယူခြင်းကဲ့သို့သော အသုံးအဆောင်များအတွက် အများဆုံးအသုံးပြုကြသည်။ မိုးပြာရောင်ဂျင်း၊ ကော်ဇောနှင့် ကြမ်းခင်းအထည်များကဲ့သို့ လူအများနှစ်သက်သောအထည်များကို ဝါချည်ဖြင့်ပြုလုပ်ထားသည်။

ဝါစေ့တွင် မျိုးစိတ်နှင့် အရည်အသွေးပေါ်မူတည်၍ အဆီ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ ပါဝင်ပါသည်။ အဆီတွင် မပြည့်ဝဆီ ၇၀ ရာခိုင်နှုန်းခန့် ပါဝင်ပါသည်။ သန့်စင်ထားသော ဝါစေ့ဆီသည် အရသာရှိပြီး နူးညံ့သောရွှေရောင်ရှိသည်။ ဝါစေ့သည် ပရိုတင်းဓာတ်ကြွယ်ဝပြီး လူစားသုံးရန် သို့မဟုတ် တိရစ္ဆာန်အစာအတွက် အသုံးပြုသည်။ ဝါစေ့အား ပြန်လည်စိုက်ပျိုးရန် မျိုးအဖြစ်လည်းကောင်း၊ ဆီကြိတ်၍ စားသုံးဆီအဖြစ်လည်းကောင်း၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ အလှကုန်များကဲ့သို့သော ဆီအခြေခံထုတ်ကုန်များစွာပြုလုပ်ရန် စက်မှုကုန်ကြမ်းသုံးဆီအဖြစ်လည်းကောင်း၊ ဝါစေ့ဆီကြိတ်ဖတ်အား တိရစ္ဆာန်အစာအဖြစ်လည်းကောင်းအသုံးပြုကြပါသည်။

၁၉၅၀ ပြည့်နှစ်များက အထည်ရက်လုပ်ရာတွင် ဝါဂွမ်းကို ၈၄ ရာခိုင်နှုန်း၊ သိုးမွေး ၁၂ ရာခိုင်နှုန်းနှင့်လျှော် ၄ ရာခိုင်နှုန်း သုံးစွဲခဲ့ရာက ၁၉၄၀ ပြည့်နှစ်တွင် ချည်မျှင်တုရေယွန်နှင့်နိုင်လွန်တို့ တီထွင်လာသောကြောင့် ၁၉၇၀ ပြည့်နှစ် အလွန်တွင် ဝါဂွမ်းချည်သုံးစွဲမှုလျော့ကျသွားခဲ့သည်။ ယခုခေတ်တွင် ဝါဂွမ်းချည်သည် ဈေးနှုန်းသက်သာသော ပိုလီအက်စတာချည်မျှင်တုနှင့်ယှဉ်ပြိုင်နေရသည်။ ၂၀၁၀ ပြည့်နှစ်များတွင် အထည်အလိပ်လုပ်ငန်းများတွင် ဝါဂွမ်း ၃၇ ရာခိုင်နှုန်းခန့် သုံးစွဲကြောင်း သိရှိရပါသည်။ သို့သော် ဝါဂွမ်းချည်၏ သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသည့် ဂုဏ်သတ္တိများက ဖွံ့ဖြိုးပြီးနိုင်ငံရှိ လူအများကို ဆွဲဆောင်နိုင်သောကြောင့် ဝါဂွမ်းချည်သုံးစွဲမှုသည် ပြန်လည်မြင့်တက်လာခဲ့ပါသည်။

**ဝါသီးနှံနှင့် သဘာဝပတ်ဝန်းကျင်**

ဝါသည် ဇီဝပိုးမွှားများကို ချေဖျက်နိုင်ပြီး ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော သဘာဝအမျှင်ဖြစ်၍ ဓာတုအမျှင်များနှင့် နှိုင်းယှဉ်ပါက သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေပါသည်။ သို့သော် ဝါစိုက်ပျိုးခြင်းနှင့် ကုန်ထုတ်လုပ်ငန်းစဉ်များတွင် ရေရှည်တည်တံ့စေရန် ကိုင်တွယ်ဖြေရှင်းရမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများရှိပါသည်။ အဆိုပါ စိန်ခေါ်မှုများတွင် ရေသုံးစွဲမှု၊ ပိုးသတ်ဆေးအသုံးပြုမှုနှင့် မြေဆီလွှာပျက်စီးမှုတို့ပါဝင်သည်။ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Program, UNEP)၏ အဆိုအရ ဝါဂွမ်းစိုက်ပျိုးမှုသည် **စာမျက်နှာ ၁၃ သို့** *

- ဝါသည် ကမ္ဘာ့အရေးအကြီးဆုံး လယ်ယာထွက်ကုန်ထဲမှတစ်ခုဖြစ်ပြီး နိုင်ငံများစွာ၏ စီးပွားရေးကို သိသိသာသာ အထောက်အကူပြု . . .
- အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝါသည် သန်းနှင့်ချီသောလူများအတွက် အဓိကဝင်ငွေအရင်းအမြစ်ဖြစ် . . .
- ဝါဂွမ်းကဏ္ဍသည် ကမ္ဘာတစ်ဝန်းရှိ လူဦးရေသန်း ၁၀၀ ကျော်ကို အလုပ်ခန့်ထားပြီး လူသန်း ၅၀၀ ကျော်ကို ပံ့ပိုးပေး . . .

* **စာမျက်နှာ ၁၂ မှအဆက်**

ကမ္ဘာ့စိုက်ပျိုးမြေ၏ ၂ ဒသမ ၅ ရာခိုင်နှုန်းရှိသော်လည်း နှစ်စဉ်ပိုးသတ်ဆေးတန်ချိန် ၂၀၀၀၀၀ နှင့် ဓာတ်မြေသြဇာ တန်ချိန် ၈ သန်းခန့် အသုံးပြုနေပြီး ကမ္ဘာ့သုံးစွဲမှု၏ ၁၆ ရာခိုင်နှုန်းနှင့် ၄ ရာခိုင်နှုန်း အသီးသီးရှိကြောင်းသိရှိရပါသည်။ သို့သော်လည်း သန်းပေါင်းများစွာသော လူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေကိုထောက်ပံ့ပေးသောကြောင့် ဝါဂွမ်းသည် နိုင်ငံများစွာအတွက် အလွန်အရေးပါသော သီးနှံဖြစ်သည်။

ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရေရှည်တည်တံ့သော ဝါသီးနှံထုတ်လုပ်မှုအလေ့အကျင့်များကို မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ အော်ဂဲနစ်ဝါစိုက်ပျိုးခြင်း၊ ပိုးမွှားဒဏ်ခံနိုင်ရည်နှင့် မိုးခေါင်မှုဒဏ်ခံနိုင်ရည်စသည့် စရိုက်လက္ခဏာများရှိသည့် မျိုးရိုးဗီဇပြုပြင်ထားသော (Genetically Modified) GM ဝါမျိုးများကို စိုက်ပျိုးခြင်းစသည်တို့ပါဝင်သည်။

အော်ဂဲနစ်စိုက်ပျိုးရေး အလေ့အကျင့်များသည် မြေဆီလွှာထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရေထိန်းသိမ်းမှုကို မြှင့်တင်ပေးသည်။ အော်ဂဲနစ်ဝါဂွမ်းသည် ကမ္ဘာလုံးဆိုင်ရာ ဝါဂွမ်းထုတ်လုပ်မှု၏ သုည ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရှိပါသည်။ အနည်းငယ်သော ရာခိုင်နှုန်းကိုသာ ကိုယ်စားပြုသော်လည်း ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သောထုတ်ကုန်များဖြစ်သည့်အတွက် သုံးစွဲသူများ၏ ဝယ်လိုအားတိုးလာပြီး လူကြိုက်များလာပါသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ အော်ဂဲနစ်ဝါဂွမ်းထောက်ပံ့မှု၏ ၇၀ ရာခိုင်နှုန်းခန့် ထုတ်လုပ်ပြီး အများဆုံးထုတ်လုပ်သူဖြစ်သည်။

ဘီတီဝါ (BT Cotton) ဟု လူသိများသော ဝါသည် ပိုးမွှားဒဏ်ခံနိုင်ရန်မျိုးရိုးဗီဇပြုပြင်ထားသော (Genetically modified) GM ဝါမျိုးဖြစ်ပြီး ကမ္ဘာ့ဝါစိုက်ပျိုးမှု၏ ၆၉ ရာခိုင်နှုန်းအထိ ရှိပါသည်။ ယင်းဝါမျိုးကို အမေရိကန်၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးကြပြီး ကုန်ထုတ်စွမ်းအားတိုးမြင့်လာကာ ပိုးသတ်ဆေးသုံးစွဲမှု လျော့ကျလာစေသည်။ သို့သော်လည်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုများအပေါ် စိုးရိမ်မှုများနှင့်အတူ GM ဝါဂွမ်းကို လက်ခံကျင့်သုံးမှုသည် အခြေအတင်ဖြစ်နေဆဲဖြစ်ပါသည်။

**ကမ္ဘာ့ဝါထုတ်လုပ်မှု**

ဝါကို နှစ်ထောင်ပေါင်းများစွာကတည်းက စိုက်ပျိုးခဲ့ပြီး ကမ္ဘာပေါ်တွင် အရေးကြီးဆုံးသော သဘာဝအမျှင်များထဲမှ တစ်ခုဖြစ်ပါသည်။ ဝါကို ကမ္ဘာ့နိုင်ငံပေါင်း ၇၀ ကျော်တွင် စိုက်ပျိုးသည်။ လက်ရှိအချိန်၌ ကမ္ဘာတစ်ဝန်းတွင် ဝါတန်ချိန် ၂၅ သန်းခန့် ထုတ်လုပ်လျက်ရှိပါသည်။ ကမ္ဘာတွင် ဝါဂွမ်းအများဆုံးထုတ်လုပ်သည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် ဝါတန်ချိန် ၆ သန်းခန့် ရိတ်သိမ်းနိုင်ခဲ့သည်။ ထိပ်တန်းထုတ်လုပ်သူများမှာ တရုတ်၊ အိန္ဒိယ၊ အမေရိကန်နှင့် ဘရာဇီးတို့ဖြစ်သည်။ မြန်မာနိုင်ငံသည် ဝါထုတ်လုပ်သည့် နိုင်ငံများတွင် ၁၆ နိုင်ငံမြောက်ဖြစ်ပါသည်။



**မြန်မာ့ဝါစိုက်ပျိုးထုတ်လုပ်မှု**

မြန်မာနိုင်ငံတွင် ဝါသီးနှံသည် အဓိကသီးနှံ ၁၀ မျိုးတွင် ပါဝင်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဝါသီးနှံစိုက်ဧကသည် စုစုပေါင်းသီးနှံစိုက်ဧက၏ ၁ ဒသမ ၂၅ ရာခိုင်နှုန်းရှိပြီး သီးနှံထွက်ကုန်များ စုစုပေါင်းတန်ဖိုး၏ ၁ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိကြောင်းတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ဝါကိုပျူခေတ်ကတည်းက စိုက်ပျိုးနေပြီဖြစ်ပြီး ဝါဂွမ်းမှ အဝတ်အထည်များ ရက်လုပ်သုံးစွဲနေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ရှေးယခင်က ချည်မျှင်တိုဝါမျိုးကို စိုက်ပျိုးခဲ့ကြသော်လည်း ၁၉၆၂ ခုနှစ်မှစ၍ ချည်မျှင်ရှည်ဝါကို ကျယ်ကျယ်ပြန့်ပြန့် စတင်စိုက်ပျိုးခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဝါစိုက်ဧရိယာ ၅၃၇-၃၁၂ ဧကကို စိုက်ပျိုးခဲ့ပြီး ချည်မျှင်ရှည်ဝါသည် စိုက်ဧရိယာအများဆုံးနှင့် တစ်ဧကအထွက်နှုန်း အမြင့်ဆုံးဖြစ်ကာ စုစုပေါင်းဝါထွက်ရှိမှု၏ ၉၇ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

ဝါသည် အပူပိုင်းဒေသတွင် ဖြစ်ထွန်းသောသီးနှံဖြစ်၍ မြန်မာနိုင်ငံတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးဖြစ်ထွန်းပြီး ယင်းဒေသများသည် ဝါအများဆုံးထုတ်လုပ်သည့် ဒေသများဖြစ်ပါသည်။ ယင်းဒေသများအပြင် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြသည်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ် ကာလတစ်လျှောက် ဝါထုတ်လုပ်မှုကို လေ့လာကြည့်ပါက ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စုစုပေါင်းထုတ်လုပ်မှု တန်ချိန် ၅၁၂၈၁၄ တန်ဖြင့် အမြင့်ဆုံးဖြစ်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၂၆၂၂၇၇ တန် အနိမ့်ဆုံးသို့ လျော့ကျရောက်ရှိခဲ့သည်။ နိုင်ငံတော်အစိုးရ၏အားပေးလမ်းညွှန်မှုဖြင့် ဝါထုတ်လုပ်မှုသည် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် သိသိသာသာ ပြန်လည်ကောင်းမွန်လာကာ တန်ချိန် ၃၂၃၀၆၆ သို့ ပြန်လည်မြင့်တက်လာပါသည်။ မြန်မာ့ချည်ထည်လုပ်ငန်းအတွက် အဓိကအချက်အချာကျသော မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ထုတ်လုပ်မှုတိုးလာခြင်းကြောင့် ပြန်လည်ဦးမော့လာခြင်းဖြစ်ပါသည်။

**မြန်မာ့ဝါကို အားပေးမြှင့်တင်ခြင်း**

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဝါသီးနှံအထွက်တိုးရေးကို ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးမြင့်မားသည့် ချည်ထည်များ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ဈေးကွက်ဝယ်လိုအားရှိသည့် ချည်မျှင်ရှည်ဝါများ တိုးတက်စိုက်ပျိုးထုတ်လုပ်ရန် ပြည်တွင်းရှိချည်မျှင်နှင့် အထည်စက်ရုံများအတွက် အရည်အသွေးကောင်းဝါများစိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပမှ ဝါဂွမ်းနှင့် ချည်များတင်သွင်းမှုကိုလျှော့ချရန်၊ ဝါသီးနှံတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ပြီး ဝါစိုက်တောင်သူများနှင့် ဝါလုပ်ငန်းရှင်များ ကုန်ထုတ်လုပ်မှုမြင့်မားစေရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ဝါသီးနှံစိုက်ပျိုးရေးစီမံကိန်းကို ၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ချမှတ်ထားပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့နှင့် ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့ကို စီမံကိန်းဒေသအဖြစ်သတ်မှတ်၍ ဝါစိုက်ပျိုးရေးဇုန် ၁၉ ခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဝန်ကြီးဌာနများအနေဖြင့် ပြည်တွင်း ဝါ၊ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစိုက်ပျိုးထုတ်လုပ်ရောင်းချသူများ၊ ဝါလုပ်ငန်းရှင်များ၊ ပုဂ္ဂလိက ဝါစေ့ဆီစက်များ၊ ဝါကြိတ်လုပ်ငန်းများနှင့် ချည်မျှင်နှင့်အထည်စက်ရုံများသို့ သွားရောက်၍ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များထုတ်လုပ်သည်အထိ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် နိုင်ငံတော်မှလည်း ဝါစိုက်ပျိုးရေးဇုန် ၁၉ ခု အကောင်အထည်ဖော်၍ ဝါအထွက်နှုန်းတိုးမြှင့်အောင်ဆောင်ရွက်လျက်ရှိပြီး အဆင့်မီသည့် ချည်ထည်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းအဝတ်အထည်လိုအပ်ချက်ကို ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်သည်သာမက ပြည်ပသို့လည်းတင်ပို့နိုင်မည်ဖြစ်ပါသည်။

**ရေရှည်တည်တံ့သော မြန်မာ့ဝါဖွံ့ဖြိုးတိုးတက်ရေးဆီသို့**

မြန်မာ့ဝါသည် သိသာထင်ရှားသော အလားအလာကောင်းများရှိပြီးဖြစ်ကာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆောင်ရွက်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဝါဂွမ်းစိုက်ပျိုးခြင်းသည် မြေဆီလွှာပျက်စီးမှု၊ ရေရှားပါးမှုနှင့်ပိုးမွှားကျရောက်မှုအပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရပါသည်။ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေး (Integrated Pest Management, IPM)၊ ဓာတုသွင်းအားစုများကို ရှောင်ရှားပြီး သဘာဝဖြစ်စဉ်များကို အလေးပေးသည့် အော်ဂဲနစ်စိုက်ပျိုးရေးနှင့် ထိရောက်သော ဆည်မြောင်းစနစ်များကဲ့သို့သော ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်များကိုမြှင့်တင်ခြင်းဖြင့် အဆိုပါစိန်ခေါ်မှုများကို လျော့ပါးသက်သာစေနိုင်မည်ဖြစ်ပါသည်။

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ခြင်းအပြင် တစ်ဖက်တွင် ဝါဂွမ်းမှ အဆင့်မီအထည်အလိပ် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်များအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အထည်ချုပ်လုပ်ငန်းများဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းတို့အား တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်သွားရမည်ဖြစ်သောကြောင့် ယင်းလုပ်ငန်းများအား ဒေသအလိုက် ထူထောင်နိုင်ရေးနှင့် ရေရှည်ရှင်သန်နိုင်ရေး၊ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးရန်နှင့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာအောင် ဖိတ်ခေါ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**နိဂုံး**

အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးများကို အာရုံစိုက်ပြီး စိုက်ပျိုးမှုမှသည် အဆင့်မီအထည်အလိပ် ထုတ်လုပ်ခြင်းအထိ ဝါတန်ဖိုးကွင်းဆက်တစ်ခုလုံး တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းသည် ကမ္ဘာ့ဝါကဏ္ဍတွင် မြန်မာနိုင်ငံ၏ရပ်တည်ချက်ကို အားကောင်းစေမည်ဖြစ်ပါသည်။ သွင်းကုန်မှီခိုမှုကို လျှော့ချရန်နှင့် ပြည်တွင်းအထည်အလိပ်လုပ်ငန်း၏စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ရည်ရွယ်၍ ဝါအထွက်နှုန်းနှင့် အရည်အသွေးမြှင့်တင်ရန် နိုင်ငံတော်ကအားပေးဆောင်ရွက်လျက်ရှိပြီး ရေရှည်တည်တံ့သော အလေ့အကျင့်များနှင့် နည်းပညာတိုးတက်မှုများကို လက်ခံကျင့်သုံးခြင်းဖြင့် ဝါဂွမ်းထုတ်လုပ်မှုတွင် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

ဝါသီးနှံ၏အရေးပါမှုနှင့် ဝါကဏ္ဍရှိ တိုးတက်မှုများကို ဂုဏ်ပြုရန်၊ ဝါသည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ပံ့ပိုးပေးသော အရေးကြီးသောကုန်ပစ္စည်းတစ်ခုအဖြစ် ဆက်လက်တည်ရှိစေရန်၊ စီးပွားရေးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် တည်တံ့ခိုင်မြဲစေရန်၊ ရာသီဥတုပြောင်းလဲမှု၊ ဈေးကွက်မတည်ငြိမ်မှုနှင့် အလုပ်သမားပြဿနာများကို ဖြေရှင်းရန်၊ ရေရှည်တည်တံ့သော ဝါဂွမ်းထုတ်လုပ်မှု၊ လယ်သမားများ၏ စွမ်းအားမြှင့်တင်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများဖြင့် ဝါဂွမ်းကဏ္ဍသည် အပြုသဘောဆောင်သော အခန်းကဏ္ဍမှဆက်လက်ပါဝင်နေရန် အားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

အားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးပေးနိုင်ရန်နှင့် ဝါနှင့်ချည်ထည်ကဏ္ဍတွင် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သောတိုးတက်မှုကို ပံ့ပိုးကူညီကြရန် ကမ္ဘာ့ဝါသီးနှံနေ့ကို နိုင်ငံအများအပြားတွင် ဆောင်ရွက်နေသကဲ့သို့ မြန်မာ့ဝါသီးနှံကဏ္ဍ ဝါစိုက်ပျိုးထုတ်လုပ်သူမှသည် ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများအထိ ဝါသီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်မှုရရှိရန် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် ဝါသီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက်ရှိ ဝါစိုက်ပျိုးတောင်သူများမှသည် အထည်ချုပ်လုပ်သားများအထိ ပါဝင်ပတ်သက်လုပ်ကိုင်နေသူများအား ဂုဏ်ပြုသောအားဖြင့် မြန်မာ့ဝါသီးနှံနေ့တစ်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုပေးသင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။

နေပြည်တော် ဩဂုတ် ၁

## ရေဘေးကြိုတင်ရွှေ့ပြောင်းသည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများနှင့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ ပြည်လုံးချမ်းသာ ဘုရားဝင်းအတွင်းတွင် ရေဘေးအန္တရာယ်ရှိသည့်နေရာများမှ ကြိုတင်ပြောင်းရွှေ့ရောက်ရှိလာသည့် အိမ်ထောင်စုများအား ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့်အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများနှင့်စားသောက်ဖွယ်ရာများပေးအပ်သည်။

ဦးစွာ တိုင်းမှူးက ရေဘေးကြိုတင်ရွှေ့ပြောင်းသည့် ပြည်သူများအား အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ပစ္စည်းများကိုပေးအပ်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒက္ခိဏာရာမရွှေကျင်ပရိယတ္တိစာသင်တိုက် ဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးများအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုကြောင့် ဝန်မြစ်ရေမှာ မြင့်တက်လာခဲ့ပြီး ကျောင်းကုန်းမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများအတွင်း၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ အဆိုပါနေရာများသို့ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများမှသွားရောက်၍ ရေဘေးသင့်အိမ်ထောင်စုများအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နေပြည်တော် ဩဂုတ် ၁

## မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ ဝေဠုဝန်ကျောင်းတိုက်ဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးရာဇာထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဝေဠုဝန်ကျောင်းတိုက် ဆရာတော်အမှူးပြုသောသံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန် ဩဂုတ် ၁

## မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ပွဲစဉ်သုံးပွဲစလုံးသရေရလဒ်ထွက်ပေါ်



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲစလုံးသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက်ယူ-၂၀ အသင်းနှင့် ဟံသာဝတီယူနိုက်တက်ယူ-၂၀ အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဟံသာဝတီယူနိုက်တက်ယူ-၂၀ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် ကောင်းမြတ်အောင်က သွင်းယူပေးနိုင်ခဲ့ပြီး ရှမ်းယူနိုက်တက်ယူ-၂၀ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် ကောင်းခန့်ဟိန်းက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ကစားခဲ့သည့် ရခိုင်ယူနိုက်တက်ယူ-၂၀ အသင်းနှင့် ISPE ယူ-၂၀ အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကာ ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၃၀ တွင် သော်ဇင်နိုင်၊ ပွဲချိန် ၅၅ မိနစ်တွင် ထွဋ်အောင်ကျော်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ISPE ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် မျိုးမြတ်ကျော်နှင့် ပွဲချိန် ၇၉ မိနစ်တွင် ရှိုင်းကိုကိုဇော်တို့ကသွင်းယူပေးနိုင်ခဲ့ကာ ညနေ ၃ နာရီခွဲတွင် ဗဟန်းအားကစားကွင်း၌ကစားခဲ့သည့် မဟာယူနိုက်တက်ယူ-၂၀ အသင်းနှင့် မြဝတီအက်ဖ်စီယူ-၂၀ အသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များအဖြစ် ဩဂုတ်လ ၂ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် ဗဟန်းအားကစားကွင်း၌ ရတနာပုံအက်ဖ်စီယူ-၂၀ အသင်းနှင့် ဒဂုံပေါ့ယူ-၂၀ အသင်း၊ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ ဧရာဝတီယူနိုက်တက်ယူ-၂၀ အသင်းနှင့် Junior Lions အသင်း၊ သစ္စာအားမာန်ယူ-၂၀ အသင်းနှင့် ဒဂုံစတားယူ-၂၀ အသင်းတို့ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

နေပြည်တော် ဩဂုတ် ၁

## အသက် ၂၁ နှစ်အောက် ဘောလုံး(အမျိုးသား)ပြိုင်ပွဲ အုပ်စု(ဂ)တွင် မွန်ပြည်နယ်အသင်းက အုပ်စုပထမနှင့် ကယားပြည်နယ်အသင်းက အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်သို့တက်ရောက်

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံး (အမျိုးသား) ပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေ ၃ နာရီတွင် ပေါင်းလောင်းအားကစားကွင်းနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ကျင်းပခဲ့သည်။

ယနေ့ ဘောလုံး (အမျိုးသား) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပေါင်းလောင်းအားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် ၁ ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အသီးသီးအကြိတ်အနယ်ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး အုပ်စု(ဂ)တွင် မွန်ပြည်နယ်အသင်းက အုပ်စုပထမနှင့် ကယားပြည်နယ်အသင်းက အုပ်စုဒုတိယဖြင့်လည်းကောင်း၊ အုပ်စု(ဃ)တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက အုပ်စုပထမနှင့် မကွေးတိုင်းဒေသကြီးအသင်းက အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်သို့ အသီးသီးတက်ရောက်ခဲ့ကြသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လ ၂ ရက်တွင် ပြိုင်ပွဲ ပွဲစဉ်များအား တစ်ရက်ရပ်နားပြီး ဩဂုတ်လ ၃ ရက် ညနေ ၃ နာရီတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပေါင်းလောင်းအားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ နေပြည်တော်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ ဘောလုံးအားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **ကျော်လွင်(မြဝတီ)**

နေပြည်တော် ဩဂုတ် ၁

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများလှူဒါန်း





နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင် နေကြသည့် ရှေ့တန်းရောက်တပ်မတော် သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စေတနာရှင် အလှူရှင်ပြည်သူ များနှင့် ဝန်ကြီးဌာနအလိုက် ဝန်ထမ်း မိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့ လှူဒါန်း လျက်ရှိသည်။


ထိုသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန် များကို ထမ်းဆောင်နေကြသည့် ရှေ့တန်း ရောက်တပ်မတော်သားများနှင့် လုံခြုံ ရေးတပ်ဖွဲ့ဝင်များအတွက် ယနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု များက စာနာမှု၊ စေတနာ၊ မေတ္တာ အပြည့်ဖြင့် စုပေါင်းချက်ပြုတ်ကြော် လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက် လျက်ရှိရာ ဝန်ထမ်းမိသားစုများ ကိုယ်တိုင် စိတ်အားထက်သန်စွာဖြင့် စားသောက် ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယ ဝန်ကြီး ဦးရဲတင့်တို့ လိုက်လံကြည့်ရှု အားပေးသည်။


ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်း မိသားစုများက ရှေ့တန်းရောက်တပ်မတော် သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ငါးပိကြော် ၂၅ ကျပ်သားအထုပ် ၂၉၀၊ ငါးခြောက်ကြော် ၂၅ ကျပ်သား အထုပ် ၄၀၀၊ အသင့်စားခေါက်ဆွဲ ခြောက်ထုပ် ၅၇၀၀၊ ကြာဆံခြောက်ထုပ် ၁၈၀၊ ကြယ်နီဆေးပေါ့လိပ်အလိပ် ၂၆၃၅၀ စုစုပေါင်းငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ပစ္စည်းများကို ပေးပို့လှူဒါန်း သွားမည် ဖြစ်သည့်အပြင် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက "ရှေ့တန်းရောက် တပ်မတော်သားအားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ ဂုဏ် ကျေးဇူးကြောင့် ကျန်းမာပါစေ၊ ဘေး အန္တရာယ်ကင်းရှင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" အစရှိသည့်ဆုတောင်း မေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ ကြကြောင်း သိရသည်။

အလားတူ ယနေ့တွင် ရှေ့တန်း ရောက် တပ်မတော်သားများနှင့် လုံခြုံ ရေးတပ်ဖွဲ့ဝင်များအတွက် မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းမိသားစု များကလည်း ကော်ဖီမစ်အထုပ်ကြီး ၃၀၊ ခေါက်ဆွဲခြောက်ထုပ် ၃၀၀၊ သကြားလုံးအထုပ်ကြီး ၂၄ ထုပ်၊ ငါးပိထောင်းအထုပ် ၁၀၀၊ ရှူးရှဲ လက်ဖက်ချဉ်စပ်အထုပ် ၂၀၀၊ ပဲပူး ကြော်ပိသာ ၂၀၊ ပေါင်မုန့်ကြွပ်အထုပ် ၁၀၀၊ မုန့်ကြွပ် ၂၅ ထုပ်၊ ဆေးပေါ့လိပ် အလိပ် ၁၀၀၀ နှင့် ဝန်ထမ်းမိသားစုများ ကိုယ်တိုင်ချက်ပြုတ်ကြော်လှော်ထားသည့် ငါးခြောက်ကြော်၊ ငါးပိကြော် စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၂၀ ခန့် ပေးပို့ လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ သည်။

နိုင်ငံတော်လုံခြုံရေး၊ နယ်မြေကာကွယ် ရေးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သား များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် လှူဒါန်းကြသည့် စားသောက်ဖွယ်ရာ များနှင့်အတူ ဝန်ထမ်းမိသားစုများက "တရားသောစစ် အမြန်ဆုံးအောင်မြင် ပါစေ။ တပ်မတော်သားများရဲ့ အောင်မြင် မှု ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်မျှော်လျက် တပ်မတော်သားများ ကိုချစ်တဲ့ပြည်သူတွေ အများကြီးရှိ နေပါတယ်။ တပ်မတော်သားများရဲ့ အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ။ တပ်မတော်သားများစစ်မြေပြင်မှ အန္တရာယ် ကင်းရှင်းစွာ အမြန်ဆုံးပြန်လာနိုင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများ လည်း ထည့်သွင်းပေးပို့ကြကြောင်းသိရ သည်။

အဆိုပါ စားသောက်ဖွယ်ရာများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရ သည်။ **(သတင်းစဉ်)**





ရန်ကုန် ဩဂုတ် ၁

# ၂၀၂၄ ခုနှစ် ဇူလိုင်လ မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးလျှောက်ထားသူများအတွက် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ ထုတ်ပေးခွင့်ကျသည့်စာရင်းကို ထိုင်းနိုင်ငံဆိုင်ရာသံရုံးကြေညာ

၂၀၂၄ ခုနှစ် ဇူလိုင်လ မြန်မာနိုင်ငံကူး လက်မှတ်ပျောက်ဆုံးလျှောက်ထားသူများ အတွက် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေး ရေးအဖွဲ့မှ ထုတ်ပေးခွင့်ကျသည့်စာရင်းကို ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးက ထုတ်ပြန် ထားသည်။

သံရုံး၏ ထုတ်ပြန်ထားသည့်စာရင်း များအရ နိုင်ငံကူးလက်မှတ်ထုတ်ပေး ရေးအဖွဲ့မှထုတ်ပေးခွင့်ကျသည့် လူဦးရေ မှာ ၆၃ ဦးဖြစ်ကြောင်း ဇူလိုင်လ ၃၁ ရက်က အသိပေးကြေညာထားချက်အရ သိရသည်။

နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသူများ သည် နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ နိုင်ငံကူးလက်မှတ်ပထမစာမျက်နှာ(မိတ္တူ)၊ ပျောက်ဆုံးကြောင်းသံရုံးမှထောက်ခံထား သည့်စာမျက်နှာ(မိတ္တူ)၊ ဘတ် ၄၉၀၀/- ဘဏ်သွင်းထားသည့် ချလန်နှင့်အတူ လူကိုယ်တိုင်လာရောက်၍ ထုတ်ယူရမည် ဖြစ်ကြောင်း သံရုံးကထုတ်ပြန်ထား သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် မေလအတွင်း ကလည်း မြန်မာနိုင်ငံကူးလက်မှတ်ပျောက် ဆုံးလျှောက်ထားသူများအတွက် မြန်မာ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ ထုတ်ပေးခွင့်ကျသည့် လူဦးရေ ၁၀ ဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ဖေဖော် ဝါရီလအတွင်းက မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးလျှောက်ထားသူများအတွက် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး အဖွဲ့မှ ထုတ်ပေးခွင့်ကျသည့်လူဦးရေ ၁၃ ဦး၏ စာရင်းကိုလည်းကောင်း ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးက အသိပေးကြေညာထားကြောင်း သိရ သည်။

*MT*

နေပြည်တော် ဩဂုတ် ၁

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၄)သို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြား



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၉ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၄) တွင် **"၂၀၂၄ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လ သုံးလအတွင်း ပြည်တွင်း ပြည်ပကုန်သွယ်ရေးများကို ပင်လယ်ရေကြောင်းမှဆောင်ရွက်ခဲ့မှုများရှိခဲ့သကဲ့သို့ နယ်စပ်ဒေသမှလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာရှိခဲ့ကြောင်း၊ သို့သော် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများရှိနေသည်ကိုလည်း နေ့စဉ်သိရှိနေရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံ၏စီးပွားရေးကို ထိခိုက်စေလျက်ရှိခြင်းကြောင့် ကုန်သွယ်မှုနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊ လမ်းခရီး၌ မလိုလားအပ်သည့် ကုန်ကျစရိတ်များကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်နိုင်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကို အဟန့်အတားဖြစ်စေမည့် လုပ်ဆောင်မှုများ မရှိအောင် တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း"**ထည့်သွင်းမှာကြားခဲ့ကြောင်း။

မိမိတို့အနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၁၅) ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်အစည်းအဝေး (၁၄)ကြိမ်အထိ ဆုံးဖြတ်ချက် (၄၉၀) ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် ဖမ်းဆီးရမိမှုများအနေဖြင့် ၂၀၂၄ ခုနှစ် ဇွန်လအထိ ဖမ်းဆီးရမိအမှုတွဲ (၁၃၅၅၀)၊ ခန့်မှန်းတန်ဖိုးငွေကျပ် (၂၇၅ ဒသမ ၁၂၆) ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း။

၂၀၂၄ ခုနှစ် မေလနှင့်ဇွန်လအတွင်း ဖမ်းဆီးရရှိမှုများအနေဖြင့် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးက ဒုတိယအများဆုံးနှင့် ရှမ်းပြည်နယ်က တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်စည်တင်ရေယာဉ်အပါအဝင် မော်တော်ယာဉ်ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်၍ တတိယအများဆုံးမှာ လူသုံးကုန်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရကြောင်း။

မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ခန့်မှန်းတန်ဖိုးငွေကျပ် (၃၀၃ ဒသမ ၈၁၄) ဘီလီယံနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ခန့်မှန်းတန်ဖိုးငွေကျပ် (၁၂၇ ဒသမ ၉၇၈) ဘီလီယံရှိကြောင်းတွေ့ရှိရသည့်အတွက် ဝိသမလောဘစီးပွားရေးသမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်းမူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား တရားမဝင်စီးပွားရှာနေခြင်းကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အနေဖြင့် ယခုထက် ပိုမိုထိရောက်စွာ သတင်းထောက်လှမ်း တားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ ထိထိရောက်ရောက် ဖမ်းဆီးအရေးယူဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတားဆီးရာတွင် သတင်းရရှိမှုသည်လည်း အရေးကြီးကြောင်း၊ ဖမ်းဆီးရရှိမှုများအနက် တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် မေလနှင့်ဇွန်လအတွင်း သတင်းရရှိမှု (၁၂၂) ကြိမ်ရရှိခဲ့ပြီး သတင်းမှား(၁၅) ကြိမ်၊ နောက်ကျသတင်း(၃)ကြိမ်၊ သတင်းမှန်(၁၀၄)ကြိမ်ဖြစ်ပါကြောင်း၊ ဖမ်းဆီးရမိမှုအမှုတွဲ (၁၆၈) မှုနှင့် ဖမ်းဆီးရမိမှုတန်ဖိုးငွေကျပ် (၅၃၇၆ ဒသမ ၀၄၄) သန်း ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိပစ္စည်းများအနေဖြင့် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် တရားမဝင်မော်တော်ယာဉ်များ ပါဝင်သည်ကို တွေ့ရှိရကြောင်း၊ သတင်းပေးတိုင်ကြားသူများကို သတင်းပေးဆုကြေးအဖြစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် (၁၁၆၈ ဒသမ ၄၈၈) သန်း ချီးမြှင့်ပေးခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဇွန်လအထိ (၅၆၉ ဒသမ ၁၃၂) သန်းကို သတင်းပေးဆုကြေးအဖြစ် ချီးမြှင့်ရန်ဆောင်ရွက်ထားရှိပြီး သတင်းများကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် မြန်မာ့ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင်လည်း နေ့စဉ်၊ လစဉ်သတင်းထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး(၂/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာခင်ဇော်တို့က တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၄) သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးဗိုလ်ချုပ်ကိုလေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင်တို့က တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများ၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်ယာဉ်များ၊ ယစ်မျိုးလုပ်ငန်းများ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့်အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန်နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှု အခြေအနေများ၊ တရားမဝင် Online မှ ကုန်ပစ္စည်းများရောင်းချနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး(၃/၂၀၂၄) ဆုံးဖြတ်ချက်(မူကြမ်း)များကိုဖတ်ကြားတင်ပြသည်။

ယင်းနောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၅၀၀)

---

> ရွှေဖုံးမှအဆက်

စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများ၏ကြီးကြပ်မှုဖြင့် တောင်သူလုပ်ငန်းသုံး ကျွဲ၊ နွားများနှင့် လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ စားရေရိက္ခာဖူလုံစေဖို့ တစ်မြို့နယ်လုံး မိုးစပါး ၆၉၉၄၄ ဧက လျာထားစိုက်ပျိုးနေပါတယ်။ ဇူလိုင်လဆန်းပိုင်းကစပြီး စိုက်ပျိုးခဲ့တာ လက်ရှိအချိန်ထိ ၁၃၃၇၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ အများဆုံး စိုက်ပျိုးတဲ့စပါးမျိုးတွေကတော့ ဧရာမင်း၊ ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ ဧရာပဒေသာ၊ ပေါ်ဆန်းရင်၊ ပခန်းရွှေဝါ၊ ချမ်းမြေ့မေ၊ ဆင်းသိင်္ဂီ စတဲ့စပါးမျိုးတွေဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတစ်ဦးချင်းအလိုက် သီးနှံအထွက်နှုန်းတိုးတက်စေဖို့ ဝန်ထမ်းတွေက သက်ဆိုင်ရာနယ်မြေအလိုက် တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ပြီးတော့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်နဲ့ သွင်းအားစုပစ္စည်းသုံးစွဲနည်းစနစ်တွေ မှန်ကန်စွာအသုံးချဆောင်ရွက်နိုင်ဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဒေသတွင်း စားရေရိက္ခာဖူလုံပိုလျှံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် နှစ်စဉ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် မိုးစပါး၊ ဖူးစားပြောင်း၊ နှံစားပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါ၊ ပဲမျိုးစုံနှင့်တခြားစားဖိုဆောင်သီးနှံမျိုးစုံတို့ကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

လိုင်ဝင်းလေး(ပွင့်ဖြူမြေ)

နေပြည်တော် ဩဂုတ် ၁

# ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒတ် မဟာ ပဝရ ဓိပတိ ဟွန်မာနိုက်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် သွားရောက်တွေ့ဆုံ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အထူးကိုယ်စားလှယ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ဇူလိုင်လ ၃၁ ရက်မှ ဩဂုတ်လ ၂ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့သည်။

အထူးကိုယ်စားလှယ်သည် ဖနောင်ပင်မြို့သို့ ရောက်ရှိစဉ် ယနေ့နံနက် ၉ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒတ် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချိဟွန်ဆန်ကို အထက်လွှတ်တော်၌လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒတ် မဟာ ပဝရ ဓိပတိ ဟွန်မာနိုက်ကို ငြိမ်းချမ်းရေးနန်းတော်၌လည်းကောင်း သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံအတွင်း လတ်တလောဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံတူညီဆန္ဒ(၅)ချက်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်နိုင်ငံတွင်း တရားမျှတသည့်ရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်များကို ရှင်းလင်းပြောကြားသည်။ ထို့ပြင် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေး၊ ခရီးသွားလာမှုချိတ်ဆက်မှုနှင့် ယဉ်ကျေးမှုကဏ္ဍများအပါအဝင် နှစ်ဖက်အပြန်အလှန်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့်အလားအလာများ၊ ဒေသတွင်းနှင့်နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေးနှင့် ၂၀၂၅ ခုနှစ်တွင် ကျရောက်မည့်နှစ်(၇၀)ပြည့် သံတမန်ဆက်ဆံရေးထူထောင်သည့်အထိမ်းအမှတ်အခမ်းအနားများကျင်းပရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အထူးကိုယ်စားလှယ်ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယား၊ အထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ(၁) မစ္စတာ ပရတ်ဆုတ်ခွန်းက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဩဂုတ် ၁

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန (၃) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ (၃) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာသက်တမ်းအားဖြင့် (၃)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက် (၃) ရပ်တွင် ပါဝင်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"၊ "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"** ဆိုသည့် ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် ဝန်ကြီးရုံး၊ အားကစားနှင့် ကာယပညာဦးစီးဌာန (နေပြည်တော်)နှင့် လူငယ်ရေးရာဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများအနက်မှ ဝန်ကြီးဌာနတွင်း/ ဌာနပြင်ပ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သည့် ဝန်ထမ်း ၆ ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်အတွင်း အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် အားကစားပြိုင်ပွဲများတွင် အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များဆွတ်ခူးရရှိခဲ့ကြသည့် မိမိတို့ဝန်ကြီးဌာနမှ အားကစားသမား စုစုပေါင်း ၁၃ ဦးတို့ကိုလည်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေကျပ် ၅၁ သိန်းတို့ကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍတွင် စည်းကမ်းရှိရှိ၊ တာဝန်သိသိဖြင့် မိသားစုညီအစ်ကိုမောင်နှမသဖွယ် စည်းစည်းလုံးလုံးပျော်ရွှင်စွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် ဝန်ထမ်းအားကစားသမားများနှင့် သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သည့် ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့်ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှဝန်ထမ်းများနှင့် ဆုရအားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

▶▶ **ရှေ့ဖုံးမှအဆက်**

ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း(၇၀၀၀)ဧကရှိသောနယ်မြေကို **"မိုင်းဟဲကြိုးပြင်ကာကွယ်တော"**အဖြစ် ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ (၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)မှစ၍သတ်မှတ်လိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန်၊ ဒေသမျိုးရင်းတိရစ္ဆာန်များ၏ မူရင်းဒေသတိုးပွားလာစေရန်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန်၊ ဒေသခံများ၏ စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် သဘာဝရေထွက်များရေရှည်တည်တံ့စေရန်နှင့် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများ လျော့နည်းပပျောက်စေရန်ရည်ရွယ်၍ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

မိုင်းဟဲကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော ပျဉ်းမ၊ စံကားစိမ်း၊ ယမနေ၊ သစ်ချ၊ သစ်အယ်၊ လောက်ယား၊ ဆီးဖြူ၊ ဖက်ဝန်း၊ ရုံး၊ ဖန်ခါး၊ ဒီးဒူး၊ အုံတုံ စသည့် ဒေသမျိုးရင်းသစ်မျိုးများကို ထိန်းသိမ်းနိုင်မည့်အပြင် နေထိုင်ကျက်စားလျက်ရှိသော ရှားပါးသည့် ဒေသမျိုးရင်း မျောက်ညို၊ ချေ၊ တောင်ဆိတ်၊ ဝက်၊ မျောက်စပ်၊ ဖြူတောကြောင်၊ တောကြက်၊ ရစ်၊ ဒေါင်းအမျိုးမျိုး၊ ငှက်အမျိုးမျိုး၊ လိပ် စသည့် တောရိုင်းတိရစ္ဆာန်များ ကျက်စားရာဒေသတိုးပွားလာနိုင်ခြင်း၊ မှီတင်းနေထိုင်ကြသော တောရိုင်းတိရစ္ဆာန်များ၏ ဂေဟစနစ်ကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဘာဝရေထွက်စိမ့်စမ်းများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှု ပိုမိုကောင်းမွန်လာပြီး ရာသီဥတုမျှတသာယာခြင်း၊ ဒေသခံပြည်သူများအတွက် သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ ပိုမိုရရှိစေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

TOURISM

# Enthusiasts of mammoths can explore Elephant Museum at Wahnet Elephant Camp



The Elephant Museum has been opened at the Wahnet Elephant Camp located by the roadside of Yeywa Dam between Mandalay and PyinOoLwin to educate the visitors about the evolution, biology, nature and behaviour of elephants, said Daw Thada Shin Thant, warden of the Wahnet Elephant Camp.

The museum features documentary photos of elephants, elephant conservation and protection, and an elephant skeleton. That skeleton belongs to a 38-year-old Han elephant that died 15 years ago.

"The museum exhibits information about elephants for the visitors. There are four male elephant species (Han, Te, Haing and Swesone) found in Myanmar. The skeleton of the elephant showcased in the museum is called Zaw Win Oo (Registration No 5899). He died after fighting with a male elephant in the wild. The elephant body was decomposed and that skeleton was unearthed after six months of burial. The chemicals are used to preserve the skeleton. The visitors are fascinated about the elephants," she explained.

The photos featuring documentaries of elephants, biological terms of elephant parts, livelihood and elephant care service, history of the elephants and records are shown at the museum. The entrance fee at the elephant camp is Ks-3,000 for a short trip and Ks-5,000 for a long trip.

**SK**

AGRICULTURE

# YeU District grows more than 3,000 acres of banana



According to the statistics of YeU District Agriculture Department, YeU District has completed cultivation of 3,597 acres of banana as monsoon crops this year.

The district earmarked cultivation of 3,597 acres of banana and local farmers have planted cent per cent cultivation of banana starting from June this year.

"This year, we planned to grow more than 3,500 acres of monsoon banana. Now, local farmers have grown banana accounting for cent per cent. Now, local farmers plant banana on the dykes of paddy fields as part of saving vacant lands," said U Zaw Myint Tun, Head of YeU District Agriculture Department.

This year, YeU Township planted 285 acres of banana, Taze Township 312 acres and Dabayin Township, 3,000 acres.

In 2024-2025 monsoon, the district earmarked 285 acres of banana for YeU Township, 312 acres for Taze Township and 3,000 acres for Dabayin Township.

In 2023-2024 monsoon, the district scheduled to grow 3,597 acres of banana but local farmers could meet the target cultivation.

Local farmers planted 1,000 banana saplings per acre, costing some Ks-2 million per acre but they can earn Ks-5 million per acre.

**SK**

AGRICULTURE

# More than 600 acres of monsoon groundnut planted in Pwintpyu Township

This monsoon, local farmers in Pwintpyu Township of Magway Region have planted groundnut on 695 acres of croplands, said Daw Moe Moe Wai, Head of Pwintpyu Township Agriculture Department.

The township earmarked 1,661 acres of groundnut this monsoon but local farmers planted 695 acres of groundnut against the target.

"This year, Pwintpyu Township aims to ensure local oil sufficiency and increase incomes of local farmers. So, the township planned to grow 1,661 acres of monsoon groundnut but local farmers grew 695 acres of groundnut. Our staff assist in farmers for growing groundnut meeting the target," said Daw Moe Moe Wai, Head of Township Agriculture Department.

Local farmers grow groundnut, sesame and sunflower for ensuring local oil sufficiency and increasing family incomes.

In this regard, officials of Township Agriculture Department supervise cultivation of crops in the township and help them systematically grow crops for increased incomes. **SMK**

AGRICULTURE

# Kalay Township finishes cultivation of maize and corns this monsoon

According to the statistics of Kalay Township Agriculture Department, local farmers have planted 1,616 acres of maize and corns plantations this monsoon in Kalay Township of Sagaing Region.

In 2024-2025 monsoon season, the township earmarked 17,254 acres of maize and 6,028 acres of corns. Local farmers stated cultivation of crops in May. So far, they have planted 1,301 acres of maize and 315 acres of corns, totalling 1,616 acres.

"This monsoon, we planned to grow more than 20,000 acres of maize and corns. So far, local farmers have planted more than 1,000 acres of crops. Staff members of our department help local farmers grow crops in time," said U Naing Tun Win, Head of Township Agriculture Department.

Township Agriculture Department conducted training courses for local farmers and field demonstration of crops, managed prevention of FAW and use of pests.

Kalay Township yielded more than 50 baskets of maize per acre and local farmers cost Ks-500,000 per acre. They can produce 15,000 pieces of corns per acre, costing more than Ks-500,000 per acre.

**SMK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

PROPERTY

# Rental more active than sales in Yangon property market

Yangon's property market, where have rental was more active than sales, is now cold at the beginning of Lent, according to the agents.

As Buddhists, Myanmar people avoid moving houses as much as possible during Lent, the market is now slow.

"Since the Lent period has arrived, the real estate market has been inactive. Before the Lent, rents and sales from other cities coming to Yangon were plenty. I have to showrooms almost every day. Some house-owners also had to show theirs. Now, the purchase is sparse. As for rent, there were some, but sparse. Those who have rented don't move out during the Lent. Some will move only after the Lent. So, they extended the rent," said a real estate agent.

Only when the Thadingyut comes will people move home, and the Yangon property market will be active again.

In Yangon, cheap apartments are now rare and expensive ones are easy to rent out, said an agent from Kyimyindaing Township.

"Compared to the previous year, the real estate price and the rental price are a little higher this year. Previously, apartments with cheap rates were plenty, but now their prices have gone up. Cheap rental units are now rare. There are more and more expensive rental units," he said.



In the real estate rental market in Yangon, there are more six-month contracts and deposit rentals, according to the real estate market. **SMK**

AGRICULTURE

# Plan underway to grow more than 90,000 acres of all crops this monsoon in Pathein

A total of 92,707 acres of all crops will be grown in Pathein Township of Ayeyawady Region this monsoon, said U Win Soe, Head of Pathein District Agriculture Department.

Pathein Township earmarked 91,436 acres of paddy, 299 acres of corns, 207 acres of groundnut, 109 acres of pigeon pea, 101 acres of chilli and 555 acres of vegetables, totalling 92,707 acres, starting from the third week of July. To do so, the township agriculture department will help local farmers grow all crops meeting the target and raise fertility of soil.

U Win Soe explained, "Preparations are being made to grow monsoon crops this year including paddy. Agriculture Department will make field trips to the farmlands to ease difficulties of local farmers with agricultural techniques. We will help local farmer make natural fertilizer. This year, we are trying to grow 91,436 acres of monsoon paddy in the township."

Pathein Township Agriculture Department will cooperate with relevant departments such as Department of Irrigation and Water Utilization Management, local authorities and other related organizations in taking preventive measures against pests and use of quality strains of crops for farmers. **SK**

CHINA

# Beijing issues prepaid cards for international visitors

The Chinese capital introduced the Beijing Pass, a multi-purpose card for international visitors, on Wednesday, facilitating their payment for transportation, tourist sites and shopping centers.

With a maximum balance of 1,000 yuan (about 140.16 U.S. dollars), the Beijing Pass not only supports card payments for the Beijing Subway, suburban railways and taxis within Beijing, but also for public transportation in over 300 cities across China, including major tourist destinations like Shanghai, Guangzhou, Shenzhen and Nanjing.



This photo taken on July 31, 2024 shows Beijing Pass, a multi-purpose card for international visitors, in Beijing, capital of China.

Moreover, international visitors can also use the card to purchase tickets for 30 popular tourist attractions in Beijing, such as the Summer Palace, the Temple of Heaven and the Badaling section of the Great Wall.

Starting on Wednesday, international visitors can purchase or refund the Beijing Pass at 15 locations in Beijing, including Beijing Capital International Airport, Beijing Daxing International Airport and Beijing Railway Station, with a valid ID.

Cardholders can top up their Beijing Pass at 490 stations across the city's 27 subway lines through service counters or designated self-service machines. They can also add funds online via the "SilkPass" mobile application.

"In the future, we will continue to monitor the needs of international visitors and expand the card's functions and usage scenarios to make it more convenient and versatile," said Feng Ya, a staff member at Beijing Municipal Administration & Communication Card Co., Ltd., which issues the card.

As one of China's top tourist destinations, Beijing received more than 1.65 million inbound tourists in the first half of this year, up 245.6 percent year on year, according to official data.

Meanwhile, many other cities across China have implemented similar measures to ensure a smooth travel experience for international visitors. For instance, the Shanghai Pass, a multi-purpose prepaid card for foreign visitors launched this May, can be used for payments at tourist spots, convenience stores in Shanghai, and for public transportation in over 330 Chinese cities. **Xinhua**

ISRAEL

# Israel confirms death of Hamas military wing leader Deif

Israel's military confirmed on Thursday that Mohammed Deif, the commander of Hamas's military wing, was killed by an Israeli airstrike in Gaza in July, following weeks of uncertainty about his condition after the attack.

An Israeli airstrike targeted Deif on July 13, but Hamas denied he was in the area during the attack.

"Following an intelligence assessment, it can be confirmed that Mohammed Deif was eliminated in the strike," Israel's military said in a press statement.

There was no immediate comment from Hamas.

Israel's military said that Deif was killed by a warplane bombing in Khan Yunis. At least 90 other people were killed in the bombing, according to Palestinian health authorities. Israel also said that Rafa'a Salameh, the commander of Hamas's Khan Yunis Brigade, was killed in the bombing.

Deif, 58, head of Hamas's armed wing, the al-Qassam Brigades, had survived at least seven previous assassination attempts by Israel.

Ranked number two in Hamas in Gaza, Deif commanded Hamas's operations during the ongoing conflict, issuing directives to senior members of its military wing, according to the Israeli military. **Xinhua**

INDIA

# South India's landslides death toll further mounts to 166, over 100 missing


South India's landslides death toll further mounts to 166, over 100 missing.

The death toll from Tuesday's multiple landslides in India's southern state of Kerala further mounted to 166 on Wednesday, and 107 others were still missing, confirmed a local administration official to Xinhua over phone.

Nearly 50 bodies were recovered from under the rubble after the landslides on Wednesday, added the official.

According to him, among the missing persons were 49 men and 58 women. A total of 165 injured persons were admitted to hospitals.

"A total of 95 dead bodies have been identified so far, and efforts were going on to identify the rest. And the rescue work still continues," said the official while giving details.

As many as three massive landslides had hit India's Kerala state, occurring in the Meppadi area of Wayanad district early on Tuesday while people were still asleep. Media reports suggested that it was a massive natural tragedy rendering huge losses, including the loss of human lives and property.

TV reports showed people rendered homeless by the landslides were living in relief camps set up by the district administration, and anxiously waiting for information about their missing family members.

Kerala Chief Minister Pinarayi Vijayan told media that efforts were being made to relocate persons stuck in different areas to the relief camps.

According to him, 82 relief camps in Wayanad district accommodated 2,017 persons, and in Meppadi area as many as eight camps were housing 1,486 people from 421 families. **Xinhua**

CHINA

# 30 dead, 35 missing after typhoon-induced rains in central China city

Thirty people had been confirmed dead and 35 others remained missing as of Thursday noon after typhoon-induced intense rains lashed Zixing City, central China's Hunan Province, according to local authorities.

According to the city's flood control and drought relief headquarters, roads, electricity and communications have been largely restored in eight most affected townships of Zixing following Typhoon Gaemi's impact.

Search and rescue efforts are still underway. **Xinhua**

INDONESIA

# 4 killed, 1 missing in boat accident in E. Indonesia

Four people were confirmed dead and one still missing following a passenger boat accident in the eastern Indonesian province of Central Papua, a local authority said on Thursday.

Papua Police spokesman Ignatius Benny Prabowo told local media that the boat was carrying a total of 13 people from Port Arwana in Mimika region to Potowaiburu region at around 1 p.m. local time amid bad weather. In the middle of the trip, the boat was suddenly capsized off by waves, he explained.

The victims included several local company workers and security personnel. As many as eight people managed to survive. Search and rescue efforts are continued for the one missing.

Maritime accidents are common in Indonesia, a Southeast Asian archipelago of around 17,000 islands, due to lax safety standards.


**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The greenhouse gases swirling above our heads: NASA captures footage of CO2 churning in the sky - with huge plumes coming from power plants and forest fires

- **Amazing clip shows the greenhouse gas being emitted all over the world**
- **Experts blame emissions for the hottest day on RECORD**



Carbon dioxide (CO2) is a heat-trapping greenhouse gas and the primary reason for Earth¿s rising temperatures. As CO2 builds in the atmosphere, it warms our planet.

It's the most abundant greenhouse gas and is warming Earth at an alarming rate.

Now, incredible new footage shows the churning masses of carbon dioxide (CO2) that are fueling climate change.

NASA's satellites have detected swirls of the gas, which is emitted by power plants, forest fires, livestock reared for their meat and much more.

Of course, CO2 is invisible, but experts at NASA's Scientific Visualization Studio have rendered it a bright orange to see it clearly.

In the clip, the gas appears in mesmerizing 'pulses' as the world spins and day turns into night.

'As policymakers and as scientists, we're trying to account for where carbon comes from and how that impacts the planet,' said climate scientist Lesley Ott at NASA's Goddard Space Flight Center in Greenbelt, Maryland.

'You see here how everything is interconnected by these different weather patterns.'

Satellites positioned in space have instruments called spectrometers that detect and monitor greenhouse gases like CO2.

NASA's global map shows concentrations of CO2 as the gas moved through Earth's atmosphere from January to March 2020, driven by wind patterns and atmospheric circulation.

As the video zooms in, you see the emissions rising from power plants, fires and cities, then spreading across continents and oceans.


During the period, the majority of emissions from China, the US, and South Asia came from power plants, industrial facilities and vehicles.

Meanwhile, in Africa and South America, most CO2 emissions stemmed from fires, especially those related to land management, controlled agricultural burns and deforestation, along with the burning of fossil fuels oil and coal.

Trees absorb and store CO2 from the air, so they release the gas in great quantities when they're burnt.

In the video, CO2 appears in 'pulses', which is largely due to polluting human activity taking place mainly during the day.

For example, forest fires typically flare up during the day and dying down at night, while most vehicles (which emit CO2 from their exhausts) also take trips during the day.




Without the natural greenhouse effect, heat would pass outwards from the Earth's surface into space - making it too cold to live. But emissions of gases such as CO2 and methane push the greenhouse effect too far - acting as a blanket that traps heat.

Of course, CO2 isn't the most potent greenhouse gas – that's methane (CH4), which comes from burning of fossil fuels, decomposition of landfill waste and more.

Scientists say methane has a global warming potential that's 28 times greater than CO2, although thankfully it's not released as abundantly as CO2.

However, scientists generally agree that Earth heading towards a climate disaster as humans fail to sufficiently curb emissions.

Eventually, the planet will become too warm due to the greenhouse effect, leading to widespread heat exhaustion and death, coastal cities flooding due to meted ice at the poles and food shortage, they think.

United Nations Secretary-General Antonio Guterres has said we are 'on a highway to climate hell with our foot on the accelerator'.

**What is the greenhouse effect?**

The greenhouse effect is the reason our planet is getting too hot to live on.

CO2 released by human activity is accumulating as an 'insulating blanket' around the Earth, trapping more of the sun's heat in our atmosphere.

CO2 - and other greenhouse gases - are emitted by actions such as burning fossil fuels like coal for energy, burning forests to make way for livestock and fertilisers containing nitrogen produce nitrous oxide emissions - another greenhouse gas.

Meanwhile, fluorinated gases are emitted from equipment and products that use these gases.

Such emissions have a very strong warming effect, up to 23,000 times greater than CO2.

**Mail Online**

# နိုင်ငံအများအပြားက အဖွဲ့ဝင်အဖြစ်ပူးပေါင်းပါဝင်မည့် အလားအလာရှိသည့် BRICS အဖွဲ့



နိုင်အောင်

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံသည် လွှမ်းမိုးမှုကြီးထွားလာသည့် အဖွဲ့ကြီးတစ်ခုဖြစ်သော BRICS သို့ ဝင်ရောက်ရန်လျှောက်လွှာတစ်ရပ်ကို အဖွဲ့ကြီး၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသည့် ရုရှားနိုင်ငံသို့ ပေးပို့လိုက်ပြီဖြစ်ကြောင်း တွေ့ရသည်။

မလေးရှားနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကြီးတစ်ခုဖြစ်သည့် BRICS အဖွဲ့တွင် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ်ပူးပေါင်းရန် စိတ်အားထက်သန်လျက်ရှိကြောင်း မလေးရှားဝန်ကြီးချုပ် အန်နဝါအီဘရာဟင်က ပြီးခဲ့သည့် ရက်သတ္တပတ်အကုန်ပိုင်းတွင် ပြောကြားထားသည်။ ထို့ပြင် မလေးရှားနိုင်ငံသည် BRICS အဖွဲ့သို့ ပူးပေါင်းပါဝင်ရန် ဆန္ဒရှိနေကြောင်းကိုလည်း အီဘရာဟင်က နိုင်ငံအတွင်းသို့ အလည်အပတ်ရောက်ရှိလာခဲ့သည့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်နှင့် အသေးစိတ်ဆွေးနွေးခဲ့သည်။

**အနာဂတ်ကာလတွင်လည်း လက်ရှိအဖွဲ့ဝင်အဖြစ်ပါဝင်နေသည့်နိုင်ငံများအပြင် အဖွဲ့ဝင်သစ်များအဖြစ် ပူးပေါင်းပါဝင်လာမည့် နိုင်ငံများကြား ကုန်သွယ်မှုပြုလုပ်ရာ၌ ဒေါ်လာငွေကြေးအစား အခြားငွေကြေး သို့မဟုတ် မိမိတို့နိုင်ငံသုံးငွေကြေးများဖြင့် အစားထိုးအသုံးပြုနိုင်မည်ဆိုပါက ကမ္ဘာ့ကုန်သွယ်ရေးတွင် နေရာယူထားသည့် အမေရိကန်ဒေါ်လာ၏လွှမ်းမိုးမှုကို ခြိမ်းခြောက်လာနိုင်ဖွယ်ရှိ . . .**

လက်ရှိတွင် BRICS အဖွဲ့၏အလှည့်ကျဥက္ကဋ္ဌအဖြစ် ရုရှားနိုင်ငံက ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ တာဝန်လွှဲပြောင်းယူခဲ့ခြင်းဖြစ်သည်။ ယခုအခါ BRICS အဖွဲ့သို့အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ရန် နိုင်ငံအများအပြားက ကြိုးပမ်းလျက်ရှိရာ အဖွဲ့ကြီး၏ဂုဏ်သတင်းနှင့် လွှမ်းမိုးမှုသည် ပိုမိုထင်ရှားကျော်ကြားလာခဲ့ပြီဖြစ်သည်။

BRICS အဖွဲ့ကို ဘရာဇီး၊ ရုရှား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့က ၂၀၀၆ ခုနှစ်တွင် ကနဦးအဖြစ် BRIC ဟူ၍ ပူးပေါင်းဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ သို့သော် ၂၀၁၀ ပြည့်နှစ်တွင် တောင်အာဖရိကနိုင်ငံပါ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လာခဲ့ခြင်းကြောင့် BRICS ဟူ၍ ဖြစ်လာခဲ့ခြင်းဖြစ်သည်။ BRICS အဖွဲ့၏ အဓိကရည်မှန်းချက်မှာ ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများ၌ အမေရိကန်နှင့် အနောက်နိုင်ငံများအပေါ် မှီခိုနေရခြင်းကို လျှော့ချနိုင်ရန်အတွက် ဖြစ်သည်။

ယခင်က BRICS အဖွဲ့အား လူသိနည်းခဲ့သော်လည်း ၂၀၂၂ ခုနှစ် ရုရှားက ယူကရိန်းနိုင်ငံအတွင်း အထူးစစ်ဆင်ရေးတစ်ရပ်ဆင်နွှဲပြီးနောက် ရုရှားအပေါ် နိုင်ငံတကာအသိုက်အဝန်း၏ ပိတ်ဆို့အရေးယူမှုနှင့်အတူ BRICS အဖွဲ့အပေါ် အခြားနိုင်ငံများ၏စိတ်ဝင်စားမှုမှာလည်း ထူးခြားစွာ မြင့်တက်လာခြင်းဖြစ်သည်။ ထို့ပြင် အမေရိကန်နှင့် အနောက်နိုင်ငံများ၏အရေးယူမှုများအားရှောင်လွှဲရန် ကြိုးပမ်းချက်အဖြစ် တရုတ်နှင့် ရုရှားနိုင်ငံတို့က ကြိုးပမ်းစည်းရုံးလာခဲ့ခြင်းကြောင့်လည်းဖြစ်သည်။

ထို့ကြောင့် မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံရေးတွင် မိမိနှင့်သဘောထားမတူညီသည့် နိုင်ငံများ သို့မဟုတ် သဘောထားကွဲလွဲသည့်နိုင်ငံများ သို့မဟုတ် ဩဇာမခံသည့် နိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခြင်းကို လက်နက်အဖြစ် အသုံးချလုပ်ဆောင်နေသည့် အမေရိကန်၏ တစ်ဖက်သတ်လုပ်ဆောင်ချက်များကို ရှောင်ရှားနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်ရေးတွင် ဒေါ်လာငွေကြေးအသုံးပြုခြင်းကို လျှော့ချရန်အတွက်လည်း ကြိုးပမ်းလာခဲ့ကြသည်။

ထို့ပြင် BRICS အဖွဲ့ဝင်နိုင်ငံများအနက် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နိုင်ငံတို့၏ စီးပွားရေးအင်အားသည် လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့စီးပွားရေးအပေါ် လွှမ်းမိုးလာမည့် အလားအလာရှိနေသည်။ ထို့ကြောင့် BRICS အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ စီးပွားရေးတိုးတက်မှုကို မြင့်တင်နိုင်ရေးအတွက် ထိန်းချုပ်မှုကင်းမဲ့ပြီး လွတ်လပ်သည့် ငွေကြေးပေးချေမှုစနစ်တစ်မျိုးကိုအသုံးပြုရန် လိုအပ်နေကြောင်းကို သဘောပေါက်လာခဲ့ကြသည်။

သို့မှသာ အဆိုပါငွေကြေးပေးချေသည့်စနစ်အရ အဖွဲ့ဝင်တစ်နိုင်ငံချင်းစီ၏ လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ရုရှားဘဏ္ဍာရေးဝန်ကြီး အန်တန်ဆီလူအာနော့ဗ်က တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင် ကျင်းပသည့် ရုရှား-တရုတ် ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

BRICS အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများအနက် ဘရာဇီး၊ ရုရှား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် ယခုအခါ ၎င်းတို့၏ စီးပွားရေးတိုးတက်မှုကို တိုးမြှင့်နိုင်ရန်အတွက် နိုင်ငံများကြား ကုန်သွယ်ရာတွင် ဒေါ်လာငွေကြေး အသုံးပြုမှုကိုလျှော့ချရန် ဆွေးနွေးတိုင်ပင်မှုများကို ၂၀၂၄ ခုနှစ်အတွင်း တိုးမြှင့်လုပ်ဆောင်လာပြီဖြစ်သည်။ ထို့ပြင် နိုင်ငံအများအပြားကလည်း ကမ္ဘာ့ကုန်သွယ်မှုတွင် အမေရိကန်၏ လွှမ်းမိုးခြယ်လှယ်မှုကို တုံ့ပြန်နိုင်ရေးအတွက် ဒေါ်လာငွေကြေး အသုံးပြုနေခြင်းကို လျှော့ချပစ်ရန် ကြိုးပမ်းလာပြီဖြစ်သည်။

အမေရိကန်ဒေါ်လာသည် ကမ္ဘာ့နိုင်ငံများကြား ကုန်သွယ်မှုလုပ်ဆောင်ရာတွင် အဓိကအသုံးပြုသည့် ငွေကြေးအဖြစ် ဆယ်စုနှစ်များစွာကြာ ရပ်တည်လာခဲ့သော်လည်း အမေရိကန်၏ စီးပွားရေးတွင် အနိုင်ကျင့်ခြယ်လှယ်မှုကြောင့် နိုင်ငံအများအပြားက ဒေါ်လာငွေကြေးအစား အခြားရွေးချယ်စရာ ငွေကြေးများကိုအသုံးပြုရန် ကြိုးပမ်းလာခြင်းလည်းဖြစ်သည်ဟုဆိုနိုင်သည်။ လက်ရှိတွင် ရုရှား၊ တရုတ်နှင့် အိန္ဒိယတို့သည် ၎င်းတို့ကြား ကုန်သွယ်မှုလုပ်ဆောင်ရာတွင် ၎င်းတို့နိုင်ငံသုံး ငွေကြေးများကိုအသုံးပြုရန် စီစဉ်လျက်ရှိသည်။

ယခုအခါ BRICS အဖွဲ့သည် ကမ္ဘာ့စီးပွားရေးကို အလျင်အမြန် ပုံဖော်လျက်ရှိပြီး လာမည့် ၂၀၄၀ ပြည့်နှစ်ခန့်တွင် စက်မှုအင်အားကြီး ခုနစ်နိုင်ငံပါဝင်သည့် G7 အဖွဲ့၏ စီးပွားရေးအင်အားကို ကျော်တက်သွားမည်ဟု Bloomberg က ၂၀၂၃ ခုနှစ်ကတည်းက ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။

BRICS အဖွဲ့တွင် စတင်တည်ထောင်ချိန်၌ အဖွဲ့ဝင်ငါးနိုင်ငံသာ ပါဝင်ခဲ့သော်လည်း ယခုအခါ အီဂျစ်၊ အီရန်၊ အီသီယိုးပီးယားနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ပါပူးပေါင်းပါဝင်လာပြီဖြစ်သည်။ မကြာမီကာလတွင်လည်း နိုင်ငံအများအပြားက အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်မည့် အလားအလာရှိသည်။ ထို့ပြင် အခြားအရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံကလည်း BRICS အဖွဲ့သို့ ဝင်ရောက်နိုင်ရန်မျှော်မှန်းလျက်ရှိသည်။

သို့ဖြစ်ရာ BRICS အဖွဲ့သည် လက်ရှိတွင် ၎င်းတို့၏လွှမ်းမိုးမှုကို အရှေ့တောင်အာရှဒေသသို့ပါ ချဲ့ထွင်လာနိုင်ခဲ့ပြီး အနာဂတ်ကာလတွင်လည်း လက်ရှိအဖွဲ့ဝင်အဖြစ်ပါဝင်နေသည့် နိုင်ငံများအပြင် အဖွဲ့ဝင်သစ်များအဖြစ် ပူးပေါင်းပါဝင်လာမည့်နိုင်ငံများအကြား ကုန်သွယ်မှုပြုလုပ်ရာ၌ ဒေါ်လာငွေကြေးအစား အခြားငွေကြေး သို့မဟုတ် မိမိတို့နိုင်ငံသုံး ငွေကြေးများဖြင့် အစားထိုးအသုံးပြုနိုင်မည်ဆိုပါက ကမ္ဘာ့ကုန်သွယ်ရေးတွင် နေရာယူထားသည့် အမေရိကန်ဒေါ်လာ၏ လွှမ်းမိုးမှုကို ခြိမ်းခြောက်လာနိုင်ဖွယ်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ***Ref: Sputnik, NHK***




---

ဂျေရုဆလင်၊ လေကြောင်းပျံသန်းမှု

## လုံခြုံရေးအခြေအနေကြောင့် အမေရိကန်နှင့်ဗြိတိန်လေကြောင်းလိုင်းများက အစ္စရေးသို့ပျံသန်းမည့် ခရီးစဉ်များကိုဆိုင်းငံ့

ဟားမက်စ်အကြီးအကဲ အစ္စမေးဟားနီးယေးလုပ်ကြံခံရပြီးနောက် ဒေသတွင်း လုံခြုံရေးအခြေအနေကြောင့် အမေရိကန်နှင့်ဗြိတိန်လေကြောင်းလိုင်းများက အစ္စရေးနိုင်ငံသို့ ပျံသန်းမည့်ခရီးစဉ်များကို ဩဂုတ်လ ၁ ရက်တွင် ယာယီဆိုင်းငံ့ခဲ့ရကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသအတွင်း လက်ရှိဖြစ်ပွားနေသည့် တင်းမာမှုများကြောင့် ဩဂုတ်လ ၁ ရက် တစ်နေ့လုံးတွင် အစ္စရေးသို့ပျံသန်းမည့်ခရီးစဉ်များကို အမေရိကန်လေကြောင်းလိုင်းကြီးတစ်ခုဖြစ်သည့် Delta လေကြောင်းလိုင်းက ထုတ်ပြန်သည်။ သို့သော် အခြားလေကြောင်းလိုင်းကြီးတစ်ခုဖြစ်သည့် United Airlines ကမူ မည်သည့်နေ့ရက်တွင် ရပ်ဆိုင်းမည်ကို အသေးစိတ်ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

အဆိုပါလေကြောင်းလိုင်းကြီးနှစ်ခုစလုံးသည် နယူးယောက်မြို့မှ အစ္စရေးနိုင်ငံ တဲအဗစ်မြို့သို့ ပျံသန်းပြေးဆွဲနေခြင်းဖြစ်ပြီး လေကြောင်းခရီးစဉ်များကို ပြန်လည်စတင်နိုင်ရေးအတွက် ဒေသတွင်းလုံခြုံရေးအခြေအနေများကို အနီးကပ်စောင့်ကြည့်လျက်ရှိသည်။

ထို့ပြင် ဗြိတိန်ပိုင်လေကြောင်းလိုင်းကြီးတစ်ခုဖြစ်သည့် British Airways ကလည်း ဒေသတွင်းအခြေအနေများကြောင့် အစ္စရေးသို့ ပျံသန်းမည့်ခရီးစဉ်များကို ရပ်ဆိုင်းထားကြောင်းသိရသည်။

***Ref: Xinhua***

မိုင်းယောင်း၊ လူမှုရေး

## တရားမဝင်ကုန်ပစ္စည်းများဝင်ရောက်မှုမရှိစေရေး ရှောင်တခင်စစ်ဆေး



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေးအတွက် ဇူလိုင်လ ၃၁ ရက်တွင် တာဝန်ရှိသူများက ရှောင်တခင် စစ်ဆေးခြင်း ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းယောင်းမြို့နယ် ဝမ်မန်းကျေးရွာအုပ်စု ဝိန်းကျိုင်းကျေးရွာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးသက်ဆွေ ဦးဆောင်သည့် တရားမဝင်ကုန်ပစ္စည်းတားဆီးကာကွယ်ရေးအဖွဲ့ကလည်းကောင်း၊ မုန်းလိုက်ကျေးရွာ စစ်ဆေးရေးဂိတ်တွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းဇော် ဦးဆောင်သည့် တရားမဝင်ကုန်ပစ္စည်းတားဆီးကာကွယ်ရေးအဖွဲ့ကလည်းကောင်း မြို့နယ်အတွင်း တရားမဝင်ကုန်ပစ္စည်းများဝင်ရောက်မှုမရှိစေရေး ရှောင်တခင်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

တာချီလိတ်၊ လူမှုရေး

## တာချီလိတ်မြို့၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလ့်ျ(၃)ဈေးရှိ ဈေးခန်းမ၌ ဈေးသူ၊ ဈေးသားများစုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင်လ ၃၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မဟာဂန္ဓာရုံကိုးနဝင်းသာမဏေကျော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိက ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များကို ချီးမြှင့်တော်မူပြီး ပါလ့်ျ(၃)ဈေးပိုင်ရှင် ဦးဘိုချိုနှင့် ဈေးသူ၊ ဈေးသား အလှူရှင်များက သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းကြကာ ဆရာတော် ဘဒ္ဒန္တဉာဏိကက ဝါဆိုသင်္ကန်းလှူဒါန်းရခြင်း၏အကျိုးကို ဟောကြားတော်မူသည်။

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး သံဃာတော်အရှင်သူမြတ်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြကာ ရေစက်ချအမျှပေးဝေကြောင်း သိရသည်။

**မြင့်မိုရ်၊ နေမင်း**

တာချီလိတ်၊ မီးလောင်မှု

## Gas အိုးလဲလှယ်ရာမှ Gas ပိုက်နှင့်ဘား မီးလောင်မှုဖြစ်ပွား

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆန်ဆိုင်း(က)ရပ်ကွက်၌ ဇူလိုင်လ ၃၁ ရက်တွင် Gas အိုးလဲလှယ်ရာမှ Gas ပိုက်နှင့်ဘား မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့နယ် ဆန်ဆိုင်း(က)ရပ်ကွက်ရှိ ဝက်ပုံမှုကထဆိုင် (၁၀×၁၅)ပေ သွပ်မိုး၊ သွပ်ကာ တစ်ထပ်မီးဖိုခန်းရှိ Gas အိုးအား လဲလှယ်ရာတွင် Gas ပိုက်နှင့်ဘားမီးလောင်မှုဖြစ်ပွားကြောင်း ဖုန်းဖြင့်သတင်းရရှိ၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးငြိမ်းထက်အောင် ဦးစီးသော မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ သန္နွေတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးတို့က မီးလန့်သည့်နေရာသို့ သွားရောက်မီးငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ ၃၇ မိနစ်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဆိုင်ဝန်ထမ်း အိုက်ဆု၏ မျက်နှာနှင့် ဘယ်ဘက်လက်မောင်း မီးဟပ်ဒဏ်ရာ အနည်းငယ် (မစိုးရိမ်ရ) ရရှိကြောင်းနှင့် မီးလောင်မှုကြောင့် Gas ဘားနှင့် ပိုက်မီးလောင်ဆုံးရှုံးကြောင်း၊ မီးလောင်မှုကြောင့် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ ဝက်ပုံမှုကထဆိုင်တာဝန်ခံ မနန်းအောင်ရှိန်အား တာချီလိတ်မြို့မ ရဲစခန်းက ဥပဒေအရအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဇင်ယော်(တာချီလိတ်)**

ကျိုင်းတုံ၊ လူမှုရေး

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းစည်းဝေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၃၁ ရက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဝင်းကျော်သူက မြန်မာ့သန်းခေါင်စာရင်းသမိုင်းကြောင်း၊ ဝိသေသလက္ခဏာများ၊ သန်းခေါင်စာရင်းအသုံးဝင်ပုံအကြောင်းနှင့် ကျိုင်းတုံမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်လှစ်ဆောင်ရွက်မည့်အခြေအနေများ၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များက ကျိုင်းတုံမြို့နယ်အတွင်း ၂၀၂၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအား ကောက်ယူနိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

မိုင်းပျဉ်း၊ လူမှုရေး

## မြစိမ်းရောင်ကျေးရွာစီမံကိန်းမတည်ရန်ပုံငွေပေးအပ်ခြင်းဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဇူလိုင်လ ၃၁ ရက် နံနက်ပိုင်းတွင် ဝမ်ဖြစ်ကျေးရွာအုပ်စု နမ့်လီကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းမတည်ရန်ပုံငွေပေးအပ်ခြင်း ဆောင်ရွက်သည်။




ရှေးဦးစွာ မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းလောင်မိုင်း(ဒုတိယညွှန်ကြားရေးမှူး)က မြစိမ်းရောင်ကျေးရွာ စီမံကိန်းရည်ရွယ်ချက်နှင့် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက နမ့်လီကျေးရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း(TYPE-3)ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို လွှဲပြောင်းပေးအပ်ကြောင်းနှင့် အဆိုပါကျေးရွာအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်းကို စတင်ဖော်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။ **မောင်အိုးစည်**

မိုင်းယောင်း၊ လူမှုရေး

## ဝမ်ကျိုင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ်လ ၁ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက တာကြန့်ကျေးရွာအုပ်စု ဝမ်ကျိုင်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းယောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာနှင့် ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ဝမ်ကျိုင်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးကြသည်။

ဝမ်ကျိုင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပံ့ငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများကိုအသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှရွေးချယ်ထားသော ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **မောင်နိုင်**

ဂျကာတာ၊ နိုင်ငံရေး

# မိတ်ဆွေကောင်းရုရှားနိုင်ငံနှင့်ပိုမိုခိုင်မာသည့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းမည်ဟု အင်ဒိုနီးရှားသမ္မတအသစ်ပြော



အင်ဒိုနီးရှားအစိုးရအနေဖြင့် မိတ်ဆွေကောင်းနိုင်ငံဖြစ်သည့် ရုရှားနှင့်ပိုမိုခိုင်မာသည့် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတအသစ်အဖြစ် ရွေးကောက်ခံရသည့် ပရာဘိုဝိုဆူဗြန်တိုက ပြောသည်။

ဆူဗြန်တိုသည် လက်ရှိအစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ဇူလိုင်လ ၃၁ ရက်က ရုရှားနိုင်ငံ မော်စကိုမြို့တော်သို့သွားရောက်သည့်ခရီးစဉ်အတွင်း ရုရှားသမ္မတဗလာဒီမာပူတင်နှင့်တွေ့ဆုံစဉ် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။ ဆူဗြန်တိုသည် လက်ရှိသမ္မတဂျိုကိုဝီဒိုဒိုထံမှ သမ္မတရာထူးကို ယခုနှစ် အောက်တိုဘာလတွင် လွှဲပြောင်းရယူမည်ဖြစ်သည်။

အင်ဒိုနီးရှားနှင့် ရုရှားနိုင်ငံတို့ကြား ကာကွယ်ရေး၊ စွမ်းအင်နှင့်ပညာရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ၎င်းအနေဖြင့် မျှော်လင့်ထားကြောင်းသိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် အထူးသဖြင့် ကာကွယ်ရေးနှင့် နျူကလီးယားစွမ်းအင်ကဏ္ဍတို့တွင် ဆက်လက်၍ မိတ်ဖက်နိုင်ငံများအဖြစ် ဆက်ဆံမှုကို ထိန်းသိမ်းထားရန်ဆန္ဒရှိနေပြီး အင်ဒိုနီးရှားကျောင်းသားများအား ဆေးပညာသင်ယူရန်အတွက် ရုရှားနိုင်ငံသို့စေလွှတ်ရန် ရည်ရွယ်ထားသည်။

ရုရှားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံက အခက်အခဲနှင့်ကြုံတွေ့သည့်အခါတိုင်းတွင် အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် အကူအညီပေးအပ်ခဲ့သောကြောင့် အင်ဒိုနီးရှားက ရုရှားနိုင်ငံအား မိတ်ဆွေကောင်းနိုင်ငံအဖြစ် သဘောထားကြောင်း၊ နှစ်နိုင်ငံကြား ကောင်းမွန်သောဆက်ဆံရေးကိုထိန်းသိမ်း၍ ပိုမိုခိုင်ခံ့အောင် တိုးမြှင့်လိုကြောင်း ဆူဗြန်တိုက ဆက်လက်ပြောကြားခဲ့ကြောင်းသိရသည်။

ရုရှားနိုင်ငံအနေဖြင့်လည်း အင်ဒိုနီးရှားနိုင်ငံသို့တင်ပို့နေသည့်စိုက်ပျိုးရေးထုတ်ကုန်များကို တိုးမြှင့်ရန်အသင့်ရှိနေပြီး စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့်အခြေခံအဆောက်အဦ စသည့်ကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သမ္မတပူတင်၏ပြောကြားချက်ကို ကိုးကား၍ Tass သတင်းအေဂျင်စီက ဖော်ပြခဲ့ကြောင်းသိရသည်။ ***Ref: ST***

---

တီဟီရန်၊ ရာဇဝတ်မှု

# ဟားနီးယေးလုပ်ကြံခံရမှု အစ္စရေးကို ပြင်းပြင်းထန်ထန်အပြစ်ပေးမည်ဟု အီရန်သတိပေး

ဟားမက်စ်အဖွဲ့အကြီးအကဲ အစ္စမေးဟားနီးယေး လုပ်ကြံသတ်ဖြတ်ခံရမှုနှင့်စပ်လျဉ်း၍ အစ္စရေးအား ပြင်းပြင်းထန်ထန်အပြစ်ပေးမည်ဖြစ်ကြောင်း အီရန်ဘာသာရေးခေါင်းဆောင် အေယာတိုလာ အလီခါမေနီက သတိပေးလိုက်ကြောင်း သိရသည်။

ဟားမက်စ်အဖွဲ့မှ နိုင်ငံရေးအကြီးအကဲ ဟားနီးယေးသည် အီရန်နိုင်ငံ မြို့တော်တီဟီရန်၌ ဇူလိုင်လ ၃၁ ရက်တွင် လုပ်ဆောင်သည့်ဒုံးကျည်ဖြင့် တိုက်ခိုက်မှုအတွင်း သတ်ဖြတ်မှုခံလိုက်ရခြင်းဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ဒေသတွင်းနိုင်ငံများက အစ္စရေးနိုင်ငံအား အပြစ်တင်ထားသော်လည်း အစ္စရေးအစိုးရကမူ တစ်စုံတစ်ရာတုံ့ပြန်ပြောကြားထားခြင်းမရှိပေ။

ဟားနီးယေးအား လုပ်ကြံသတ်ဖြတ်မှုသည် အီရန်နိုင်ငံ၏နယ်နိမိတ်အတွင်းဖြစ်ပွားခဲ့ခြင်းကြောင့် မိမိတို့၏တာဝန်မှာ လုပ်ကြံသတ်ဖြတ်မှုအပေါ် လက်တုံ့ပြန်ရန်ဖြစ်ကြောင်း ခါမေနီက ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ကလည်း အစ္စရေးနှင့်၎င်း၏မဟာမိတ်နိုင်ငံများအား ပြင်းထန်စွာတုံ့ပြန်မည်ဟု ခြိမ်းခြောက်ထားသည်။

ဟားနီးယေးသည် အီရန်သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ပြီးနောက် ၎င်း၏နေအိမ်၌ လုပ်ကြံခံရခြင်းဖြစ်ကြောင်း ဟားမက်စ်အဖွဲ့က ပြောကြားသည်။ ဟားနီးယေးသည် ဟားမက်စ်အဖွဲ့၏ ပေါလစ်ဗျူရိုအကြီးအကဲဖြစ်ပြီး ၎င်းလုပ်ကြံခံရမှုအပေါ် အီရန်၊ ကာတာ၊ တူကီယဲနှင့် ယီမင်နိုင်ငံတို့က ဝေဖန်ထားကြောင်းသိရသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း၌ အစ္စရေးနိုင်ငံအပေါ် တိုက်ခိုက်မှုတွင်ပါဝင်သည့် ဟားမက်စ်အဖွဲ့မှ ထိပ်တန်းခေါင်းဆောင်များအား သုတ်သင်ရှင်းလင်းပစ်မည်ဟု အစ္စရေးနိုင်ငံက ဟားနီးယေးလုပ်ကြံသတ်ဖြတ်ခြင်း မခံရမီ ခြိမ်းခြောက်ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဖြစ်ရပ်နှင့်စပ်လျဉ်း၍ အစ္စရေးနိုင်ငံသည် နိုင်ငံတကာဥပဒေကို ဆိုးရွားစွာချိုးဖောက်လျက်ရှိကြောင်း ရုရှားနိုင်ငံကလည်း ဝေဖန်ပြောကြားထားသည်။


***Ref: Sputnik, RT***




---

နယူးဒေလီ၊ လုံခြုံရေး

# ဗီယက်နမ်၏ ရေကြောင်းလုံခြုံရေးကို တိုးမြှင့်ရန် အိန္ဒိယက ချေးငွေဒေါ်လာသန်း ၃၀၀ ပေးအပ်ရန်ကမ်းလှမ်း



ဗီယက်နမ်နိုင်ငံ၏ရေကြောင်းလုံခြုံရေး တိုးမြှင့်နိုင်ရန်အတွက် ချေးငွေအဖြစ် ဒေါ်လာသန်း ၃၀၀ ပေးအပ်ရန် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ဩဂုတ်လ ၁ ရက်တွင် ကမ်းလှမ်းခဲ့ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံအား အင်ဒို-ပစိဖိတ်ဒေသတွင်းရှိ အရေးပါသည့် လုပ်ဖော်ကိုင်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ်သာမက အရှေ့တောင်အာရှဒေသဆိုင်ရာ အိန္ဒိယနိုင်ငံ၏မူဝါဒဖော်ဆောင်မှုတွင် အဓိကဒေါက်တိုင်ကြီးတစ်ခုအဖြစ် သဘောထားကြောင်း ဝန်ကြီးချုပ်မိုဒီက နိုင်ငံအတွင်းသို့ အလည်အပတ်ရောက်ရှိနေသည့် ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်းချင်အား ပြောသည်။

အိန္ဒိယနှင့် ဗီယက်နမ်နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း လာမည့်ငါးနှစ်အတွင်း နှစ်ဆတိုးမြှင့်ရန် နှစ်နိုင်ငံခေါင်းဆောင်များက ဆန္ဒရှိနေကြောင်းသိရသည်။ ထို့ပြင် နှစ်နိုင်ငံစလုံးအနေဖြင့် ကာကွယ်ရေး၊ မှတ်ဉာဏ်တုနည်းပညာ၊ ရာသီဥတုပြောင်းလဲမှုအပေါ် တုံ့ပြန်မှုနှင့်အခြားနည်းပညာကဏ္ဍတို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် စီစဉ်လျက်ရှိသည်။

ယနေ့ကမ္ဘာကြီးသည် ပြင်းထန်သည့်ပြိုင်ဆိုင်မှုများနှင့် ရင်ဆိုင်နေရကြောင်း၊ သို့သော် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းများရှိနေကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်းချင်က တုံ့ပြန်ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံအတွင်းရှိ စွမ်းအင်၊ ဓာတ်သတ္တုရှာဖွေရေး၊ စိုက်ပျိုးရေး၊ သတင်းအချက်အလက်နှင့်နည်းပညာအပါအဝင် အခြားကဏ္ဍများ၌ အိန္ဒိယနိုင်ငံက ရင်းနှီးမြှုပ်နှံထားသည့်ပမာဏသည် ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံရှိကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရသိရသည်။ ***Ref: IE***

---

ဝါရှင်တန်၊ စီးပွားရေး

# ယူကရိန်းအတွက် ရန်ပုံငွေရှာဖွေရခြင်းက စိန်ခေါ်မှုဖြစ်လာ

ယူကရိန်းနိုင်ငံအတွက် ထောက်ပံ့ရန်အတွက် ငွေကြေးရန်ပုံငွေရှာဖွေရခြင်းသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပြီဖြစ်ကြောင်း ယူကရိန်းပြန်လည်ထူထောင်ရေးဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် ပန်နီပရစ်ဇကာကပြောသည်။

အမေရိကန်အစိုးရသည် ယခုအခါ ယူကရိန်းအတွက် ငွေကြေးထောက်ပံ့ရန် အရင်းအမြစ်ရှာဖွေရာတွင် စတင်ရုန်းကန်လာရပြီဖြစ်ကြောင်း၊ ယူကရိန်းနိုင်ငံအနေဖြင့် ၎င်းတို့၏ရန်ပုံငွေကို တိုးမြှင့်သင့်ကြောင်း ပရစ်ဇကာက ဇူလိုင်လ ၃၁ ရက်တွင် ဝါရှင်တန်မြို့တော်၌ကျင်းပသည့် ဆွေးနွေးပွဲတစ်ခုတွင် ပြောကြားခြင်းဖြစ်သည်။

ဂျိုးဘိုင်ဒင်ဦးဆောင်သည့် အမေရိကန်အစိုးရသည် ယူကရိန်းနိုင်ငံအတွက် အကူအညီပေးရေးအစီအစဉ်သစ်တစ်ရပ်အဖြစ် ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံပေးအပ်ရန် ယခုရက်သတ္တပတ်အစောပိုင်းတွင် ကြေညာခဲ့ပြီးနောက် အမေရိကန်အစိုးရ၏ကြွေးမြီပမာဏသည် ပထမဆုံးအကြိမ်အဖြစ် ဒေါ်လာ ၃၅ ထရီလီယံကျော်အထိ မြင့်တက်လာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျိုးဘိုင်ဒင်အစိုးရသည် ယူကရိန်းလက်နက်ကိုင်ပဋိပက္ခစတင်ဖြစ်ပွားချိန်မှစ၍ ယူကရိန်းနိုင်ငံသို့ လုံခြုံရေးဆိုင်ရာအကူအညီအဖြစ် ဒေါ်လာ ၅၅ ဒသမ ၄ ဘီလီယံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ ယင်းအကူအညီများတွင် လက်နက်ပစ္စည်းများလည်း ပါဝင်ကြောင်းသိရသည်။ ထိုသို့သောထောက်ပံ့ရေးဆိုင်ရာအရင်းအမြစ်အခက်အခဲများကြောင့် ပရစ်ဇကာနှင့် ၎င်း၏အဖွဲ့သည် ယူကရိန်းအစိုးရအား ရန်ပုံငွေပိုမိုသုံးစွဲရေးနှင့်စပ်လျဉ်း၍ အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပရစ်ဇကာသည် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ယခင်ကလည်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ***Ref: RT***

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လသာအောက်လမ်း၊ အမှတ်(၆၃)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့ရှေ့ဆောင်ပါတီ(People's Pioneer Party)**သည် ယင်းပါတီ၏ တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ **ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)**က ပြောင်းလဲအသုံးပြုမည့် ဖော်ပြပါ ပါတီတံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန်ကြေညာအပ်ပါသည်။

**ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)၏ တံဆိပ်ပုံစံ**

ပြည်သူ့ရှေ့ဆောင်ပါတီ
PEOPLE'S PIONEER PARTY

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ရန်ကုန် ဩဂုတ် ၁

## တိုက်ကြီးမြို့နယ် ရေကြီးနစ်မြုပ်နေသည့် ဒေသခံပြည်သူများထံ အခြေခံစားသောက်ကုန်များ လက်ဝယ်အရောက်ထောက်ပံ့ပေးအပ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အစိုးရအဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းက တိုက်ကြီးမြို့နယ် ရေကြီးနစ်မြုပ်နေသည့် ဒေသများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ရေကြီးနစ်မြုပ်နေသည့် ကျေးရွာများ၏ ဒေသခံပြည်သူများရှိရာ လက်ဝယ်အရောက် အခြေခံစားသောက်ကုန်ပစ္စည်းများအား ထောက်ပံ့ပေးအပ်၍ အားပေးစကားများပြောကြားသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက်ပိုင်းက(မြို့ချောင်း)လှိုင်မြစ်တံတားနှင့် ဘောလည်တံတားတို့အပေါ်မှ လှိုင်မြစ်ရေစီးဆင်းမှုအခြေအနေနှင့် အဆိုပါမြစ်ရေမြင့်တက်မှုကြောင့် ဒေသခံကျေးရွာများအတွင်း ရေကြီးနစ်မြုပ်လျက်ရှိသည့် အခြေအနေအားကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုက်ကြီးမြို့နယ် မင်းလှဝကျေးရွာအုပ်စု ကွမ်းခြံကုန်းရွာသစ် ၁၅ မိုင် ၂ ဖာလုံအနီး ရွာသာ-တော်လတီလမ်းနှင့် မြို့ချောင်း-ရွာသာလမ်း ဝါးဘိုးစုကျေးရွာအနီးတွင် မြစ်ရေမြင့်တက်မှုကြောင့် ကားလမ်းရေကျော်သည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေဘေးသင့်ပြည်သူများထံ အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် သောက်ရေ၊ သုံးရေများ လိုက်လံပေးအပ်နိုင်ရေး စီမံဆောင်ရွက်မည့်အစီအစဉ်များကို မှာကြားသည်။

ယင်းနောက် ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် ကွမ်းခြံကုန်းကျေးရွာ သာသနာ့ဟိတကာရီ ဘုန်းတော်ကြီးကျောင်းတွင် ရေဘေးသင့်ကျေးရွာများဖြစ်သည့် ဆင်ခြံကျေးရွာအုပ်စု လေးရွာ၊ တော်လတီကျေးရွာအုပ်စု သုံးရွာ၊ မင်းလှဝကျေးရွာအုပ်စုကိုးရွာ၊ ဖက်ဝန်းကုန်းကျေးရွာအုပ်စုလေးရွာ၊ ဘောလကွတ်ကျေးရွာအုပ်စုခုနစ်ရွာ၊ အထရောင်ကျေးရွာအုပ်စု နှစ်ရွာ ကျေးရွာပေါင်း ၂၉ ရွာတို့မှ အိမ်ထောင်စု ၂၄၇၈ စု လူဦးရေ ၉၃၉၂ ဦးတို့အတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ ကြက်ဥ၊ ကျန်းမာရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ဒေသခံပြည်သူများလက်ဝယ်အရောက် စက်လှေများဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများအား လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

ပဲခူး ဩဂုတ် ၁

## ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးနေသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲခူးတိုင်းဒေသကြီးမှ စားသောက်ဖွယ်ရာများပို့ဆောင်



ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးနေသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲခူးတိုင်းဒေသကြီးမှ စားသောက်ဖွယ်ရာများ ပို့ဆောင်နိုင်ရေးဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများမှ ထောက်ပံ့လှူဒါန်းသည့် စားသောက်ဖွယ်ရာများ ပို့ဆောင်ပေးနိုင်ရေး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များမှ စနစ်တကျ ထုပ်ပိုးနေမှုတို့အား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများစုပေါင်း၍ ထောက်ပံ့လှူဒါန်းသည့် စားသောက်ဖွယ်ရာများ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၂၅၀ ကျော် ဖြစ်ကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

နေပြည်တော် ဩဂုတ် ၁

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်း ၈၅ ကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၂၂၄၄ ဦး ပညာသင်ယူလျက်ရှိ



၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတွဲဖက်အထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်ခဲ့ပြီး စိုက်ပျိုးရေးဘာသာရပ်ကို KG+10 ကျောင်းသား၊ ကျောင်းသူ ၁၃၂၄ ဦးနှင့် KG+11 ကျောင်းသား၊ ကျောင်းသူ ၉၂၀ စုစုပေါင်း ၂၂၄၄ ဦး သင်ယူလျက်ရှိကြသည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းသည် ဇူလိုင်လ ၃၁ ရက် ညနေပိုင်းတွင် လယ်ဝေးမြို့နယ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံကာ ကျောင်းတွင် စာတွေ့လက်တွေ့လေ့လာသင်ယူခဲ့မှုများကို မိဘလက်ငုတ်လယ်ယာလုပ်ငန်း၌ အသုံးချဆောင်ရွက်ခြင်း၊ ကိုယ်ပိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်ပြီး လယ်ယာစီးပွားလုပ်ငန်းရှင်များအဖြစ်ဆောင်ရွက်ခြင်း၊ အစိုးရဌာနများ စိုက်ပျိုးရေးကုမ္ပဏီများ၊ မျိုးစေ့ကုမ္ပဏီများတွင် ပညာရှင်ဝန်ထမ်းများအဖြစ်ဆောင်ရွက်ခြင်း စသည်ဖြင့် နယ်ပယ်စုံကဏ္ဍစုံတွင် အောင်မြင်စွာရပ်တည်နိုင်ကြစေရန်ရည်ရွယ် သင်ကြားပေးခြင်းဖြစ်သကဲ့သို့ ထူးချွန်မှုအလိုက် သိပ္ပံကျောင်းများနှင့်ဘွဲ့ကြိုဘွဲ့လွန်ပါရဂူတန်းအထိ ပေါက်မြောက်အောင်မြင်အောင် ဆက်လက်ကြိုးပမ်းနိုင်ကြသည့် အခွင့်အလမ်းကောင်းများစွာရှိနေခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားထုတ်ကြိုးပမ်းကြရန်တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဇံနှင့်အတူ စာသင်ခန်းများ၊ လက်တွေ့ဆောင်များ၊ လက်တွေ့စိုက်ကွင်းများကို ကြည့်ရှုအားပေးကြပြီး လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **(၅၀၀)**

## ၂၀၂၄ ခုနှစ် ဩဂုတ်လ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၆၆ ရာခိုင်နှုန်းမှ ၇၇ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၈ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၉ ရာခိုင်နှုန်းမှ ၉၈ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၅ မီလီမီတာမှ ၂၆ မီလီမီတာအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၇ မီလီမီတာမှ ၃၈ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၃၉ မီလီမီတာမှ ၅၀ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့)အခြေအနေအသီးသီးရှိနိုင်ပါသည်။ **(မိုး/ဇလ)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

နေပြည်တော်၊ လူမှုရေး

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် အလျှင်လိုကျေးရွာဓမ္မာရုံ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ်လ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ VDP စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်ရွေးချယ်မှုသတ်မှတ်ချက်များ ၊ စီမံကိန်းကော်မတီဝင်များ တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ခေတ္တမြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းလုပ်ငန်းဖော်ဆောင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ အတည်ပြု ရွေးချယ်ဖွဲ့စည်းပေးသည်။

ဇမ္ဗူသီရိမြို့နယ် အလျှင်လိုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာမှ ရွေးချယ်ထားသော ကျေးရွာတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



ရှမ်းရွာသစ်၊ စိုက်ပျိုးရေး

## ရှမ်းရွာသစ်မြို့၌ ရေတိုရေရှည်ဝင်ငွေကောင်းသည့် ဝဥပင်များ တိုးချဲ့စိုက်ပျိုးလာ

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့၏ အဓိကလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တောင်ယာစိုက်ပျိုးခြင်း၊ လယ်ယာစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးသည့်လုပ်ငန်းနှင့်တွဲဖက်ကာ ရေတိုရေရှည်ဝင်ငွေရရှိသည့် ဝဥပင်များကို ဒေသနေပြည်သူများ၏ နေအိမ်ခြံဝင်းများနှင့် တောတောင်များတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်းသိရသည်။

ရှမ်းရွာသစ်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် ဝဥစိုက်ပျိုးသည့်လုပ်ငန်းသည် နှစ်စဉ် မိုးဦးဇွန်လမှစ၍စိုက်ပျိုးကြရာ မိုးနည်းသော စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် တူးဖော်ရောင်းချပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ ၁၀၀၈ ပိဿာခန့်ထွက်ရှိသည်။ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသည့် ဒေသနေပြည်သူများအနေဖြင့် တန်းခြား ၃ ပေ၊ ပင်ခြား ၃ ပေ၊ တစ်ကျင်းလျှင်တစ်ဥမှ နှစ်ဥစိုက်ပျိုးကြကြောင်း၊ သက်တမ်းအနေဖြင့် ဈေးကွက်အနေအထားပေါ်မူတည်ပြီး ၁၀နှစ်ခန့်သက်တမ်းရှိရာ ငါးနှစ်ခန့်တွင် တူးဖော်နိုင်ကြောင်း၊ စီးပွားဖြစ်တူးဖော်မည်ဆိုပါက သုံးနှစ်ခန့်စိုက်ပျိုးပြီး တူးဖော်နိုင်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဝဥအစိုကိုထုထောင်းပြီး ထုံးရည်ကြည်နှင့်ရောစပ်၍ ဟင်းလျာအနေဖြင့် ပုံစံအမျိုးမျိုး ချက်ပြုတ်စားသောက်ကြောင်း သိရသည်။

ဝဥသီးနှံသည် ဒေသတွင်းစားသုံးမှုသာမကဘဲ ဝဥအခြောက်အား နိုင်ငံခြားဈေးကွက်အထိ တင်ပို့ရောင်းချသောကြောင့် ဒေသနေပြည်သူများ တိုးချဲ့စိုက်ပျိုးလာကြောင်း၊ ဝဥသီးနှံသည် အာဟာရနှင့် ကျန်းမာရေးအတွက် အထောက်အကူပြုသောကြောင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးမှသည် စီးပွားဖြစ်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်အထိ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အသိပညာပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ်တွင် ဝဥစိုက်ဧက ၈၉၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။ **ဇင်လေး(ပြန်/ဆက်)**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် သာမန်အသုံးစရိတ်မှ လုပ်ငန်းသုံးလုံခြုံမှုအဆင့်အတန်းဝင်ပစ္စည်း ပစ္စည်း(၅)မျိုးကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**လုပ်ငန်းသုံးလုံခြုံမှုအဆင့်အတန်းဝင်ပစ္စည်း ပစ္စည်း(၅)မျိုး**

(က) **Chip ပါသော Smart Card**
- (၁) PVC card(chip)
- (၂) Colour Ribbon(YMCK-UV)
- (၃) ART Retransfer Film
- (၄) Holographic Film

(ခ) ယာဉ်ခါတ်ပုံပါ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(Registration Certificate of a Motor Vehicle-RCMV)

(ဂ) ယာဉ်စစ်ဆေးပြီးကြောင်း သက်သေခံအထောက်အထား(Vehicle Inspection Sticker-VIS)

(ဃ) **Holograms**
- (၁) "သ"အမောင်းသင်လိုင်စင်တွင် အသုံးပြုသည့်(Hologram)
- (၂) "က၊ ဌ၊ ဟ၊ စ" လိုင်စင်များတွင် အသုံးပြုသည့်(Hologram)
- (၃) ယာဉ်ခါတ်ပုံမပါမော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(မော်တော်ဆိုင်ကယ်၊ ထရော်လာဂျီ၊ သုံးဘီး)တွင်အသုံးပြုသည့် (Hologram)
- (၄) မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (မော်တော်ဆိုင်ကယ်၊ ထရော်လာဂျီ၊ သုံးဘီး)တွင် အသုံးပြုသည့် (Hologram)
- (၅) ယာဉ်ခါတ်ပုံပါမော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်တွင် အသုံးပြုသည့်(Hologram)
- (၆) မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်တွင် အသုံးပြုသည့်(Hologram)

(င) **ယာဉ်မောင်းစစ်အဖြေလွှာများ**
- (၁) OMR Form(စိတ်အခြေအနေ)
- (၂) OMR Form (ယာဉ်/လမ်းစည်းကမ်း)

၂။ တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊ တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာလိုအပ်ချက်များ၊ တင်ဒါစာရွက်စာတမ်းများအတွက် ကျသင့်သည့်ဈေးနှုန်း၊ တင်ဒါတင်သွင်းရမည့် နည်းလမ်းများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် | - | (၁-၈-၂၀၂၄) ရက်မှ (၂၁-၈-၂၀၂၄) ရက်အထိ |
| (ခ) တင်ဒါတင်သွင်းရမည့်ရက် | - | (၁-၈-၂၀၂၄) ရက်မှ (၂၁-၈-၂၀၂၄) ရက်အထိ(ရုံးချိန်အတွင်း) |
| (ဂ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | (၂၁-၈-၂၀၂၄)ရက်(ဗုဒ္ဓဟူးနေ့)နေ့လယ်(၁၄း၀၀)နာရီ |
| (ဃ) တင်ဒါဖွင့်လှစ်မည့်ရက် | - | (၃-၉-၂၀၂၄)ရက် (အင်္ဂါနေ့) နံနက် (၁၀း၀၀)နာရီ |
| (င) တင်ဒါဖွင့်လှစ်မည့်နေရာ | - | ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (အစည်းအဝေးခန်းမ)၊ ရုံးအမှတ်(၂၉)၊ နေပြည်တော် |

၃။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website www.motc.gov.mm နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ Website www.rtad.gov.mm၊ www.myanmarrtad.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊**
**ဖုန်း- ၀၆၇-၄၀၅၁၆၅၊ ၀၆၇-၄၀၅၀၉၈**

### ပျောက်ဆုံးကြောင်း
ကျော်သူအောင်(ဘ)ဦးဝင်းစိုး ၁၂/လသယ(နိုင်)၀၃၇၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၇၀၇၃၀၀၂**

### ပျောက်ဆုံးကြောင်း
ဟေမာန်သင်း(ဘ)ဦးအုန်းမြင့် ၁၂/လကန(နိုင်)၁၉၉၆၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 401968)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၇၀၇၃၀၀၂**

### ပျောက်ဆုံးကြောင်း
ယဉ်ယဉ်ဌေး(ဘ)ဦးချင်တာ ၁၃/ကမန(နိုင်)၀၈၂၈၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၁၆၈၇၃၅၉**

### ပျောက်ဆုံးကြောင်း
ကြည်သာရီ(ဘ)ဦးသိန်းထွန်း ၉/ပမန(နိုင်)၁၉၈၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 097913)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၈၀၉၆၉၈၄**

### ပျောက်ဆုံးကြောင်း
လွင်လွင်ညို(ဘ)ဦးအောင်မြင့် ၇/ပမန(နိုင်)၀၃၁၆၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 172489)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၃၁၀၃၃၁**

### ပျောက်ဆုံးကြောင်း
သန့်ဇော်(ဘ)ဦးလှတင် ၁၂/သဃက(နိုင်)၁၄၃၁၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ကျော်သူအောင်(ဘ)ဦးအောင်မင်း ၁၄/ဇလန(နိုင်)၁၁၉၈၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ခင်နှင်းထွေး(ဘ)ဦးအိုက်မောင် ၁၃/နဆန(နိုင်)၀၆၆၄၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 407172)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

### ပျောက်ဆုံးကြောင်း
ပြင်စလူမြို့၊ အောင်လှိုင်ကုန်းကျေးရွာနေ နော်ဖိုင်းဖိုင်းခိုင်(ဘ)ဦးဘခိုင် ၁၄/ပစလ(နိုင်)၀၄၂၆၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၃၈၀၀၈၆၉**




### ပျောက်ဆုံးကြောင်း
ခင်ငြိမ်းချမ်း(ဘ)ဦးဝင်းမြင့် ၁၄/ဘကလ(နိုင်)၀၀၀၆၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၀၈၄၈၃၀**

### ပျောက်ဆုံးကြောင်း
ကျော်သူမြင့်(ဘ)ဦးကျော်မြင့် ၁၂/လကန(နိုင်)၁၈၈၇၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 352958)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၂၇၉၂၂၇**

### ပျောက်ဆုံးကြောင်း
ပိုးအိစံ(ဘ)ဦးစိုးအောင် ၉/ပဘန(နိုင်)၂၅၉၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မြင့်ဇော်(ဘ)ဦးမြင့်မောင် ၈/မမန(နိုင်)၂၇၇၉၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 740262)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဇော်လင်းထွန်း(ဘ)ဦးအောင်မင်း ၉/မခန(နိုင်)၁၅၀၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 241858)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ကလေးမြို့နယ်၊ သာယာဝတီရွာနေ အောင်မင်းထွန်း(ဘ)ဦးအောင်လှ ၅/ကလထ(နိုင်)၁၈၈၉၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
အိမွန်ခိုင်(ဘ)ဦးပု ၁၂/ဒလန(နိုင်)၀၃၉၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(684631)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၈၀၃၇၂၅၆**

### ပျောက်ဆုံးကြောင်း
မျိုးမောင်မောင်ထွန်း(ဘ)ဦးထွန်းကျင် ၇/ဒဥန(နိုင်)၀၂၅၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
သွန်းနဒီစိုး(ဘ)ဦးအီဒရစ် ၁၂/သဃက(နိုင်)၂၀၆၉၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
အောင်သီဟ(ဘ)ဦးဝင်းတင့် ၁၂/လမတ(နိုင်)၀၃၃၀၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(654321)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၂၄၅၆၈၈၁**

### ပျောက်ဆုံးကြောင်း
စိုးစိုး(ဘ)ဦးရန်မြင့် ၈/မတန(နိုင်)၀၅၇၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်နေ ချစ်သူဝင်း(ဘ)ဦးညွန့်ဝင်း ၉/ပဗသ(နိုင်)၀၂၂၁၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 465149)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည့်ရှာ နိုင်ငံသာ၏**


**မိုးသောက်ပန်း ဂျာနယ်**

ကလေးငယ်များအတွက် ပညာလဲပေး ဗဟုသုတလဲရ ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- ⇨ မျက်နှာဖုံးတွင် ကာတွန်းထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်)၏ လက်ရာကောင်းနှင့်အတူ ကာတွန်းမောင်တင်ယု၊ ကာတွန်းပြဇသနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ ။
- ⇨ ကဗျာဆရာ တိုးဝေ၊ နီဦးဇော်၊ ချစ်စုအောင်၊ ရွှေမြိုင်ပြုံးလွဲမော်၊ ပုလောစိုးနဲ့သာနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- ⇨ သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၃၀-၇-၂၀၂၄)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၂၈)၊ အမှတ်(၃၀)ထွက်ပြီ။



• အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ •



သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အပြည့်ဖြည့်ဆည်းပေးလျက်ရှိသော




**တေဇ ရုပ်စုံ**

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် ဩဂုတ်လထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၃၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

♦ ကျောဖုံးမှအဆက်

ကုန်ပစ္စည်း (၁၆၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၉၀၀၄၇)ကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ ပိုင်ရှင်မှစွန့်လွှတ်ကြောင်း တင်ပြလာသည့် တရုတ်နိုင်ငံထုတ် Sanitary Ware (၇၄၅)ခု၊ လျှပ်စစ်အပိုပစ္စည်း (၉၈၅ ဒသမ ၉)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၇၅၃၂၃၆)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Roadone ကားတာယာ (၉၆)လုံး၊ ထိုင်းနိုင်ငံထုတ် Knorr ကြက်သားမှုန့်ထုပ် (၄၈၀၀) အပါအဝင် ကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၁၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Turck (၁)စီးနှင့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၃၅၃၂၈၃)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၃၀ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဂျင်းဘောင်းဘီရှည်ထည် (၄၇၀)၊ ဆွယ်တာအင်္ကျီ(၅)ထည် အပါအဝင် ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၂၂၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux Surf (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၄၂၂၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၃၀ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လမ်းမတော်မြို့နယ်၊ မော်တင်ယာယီဈေးရပ်ကွက်၊ လမ်းသစ်လမ်း(တို)၊ ဂိုထောင်အမှတ် (B-4)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပူဇွန်နှစ်ကောင်စားအုန်းဆီ (၅)လီတာပါဘူး(၇၈၀)၊ ပူဇွန်တစ်ကောင်စားအုန်းဆီ(၁၈)လီတာပါ (၃၅)ပုံး အပါအဝင်ကုန်ပစ္စည်း (၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၃၁ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ဟင်းသီးဟင်းရွက်ဆီ (၁)လီတာပါ ဘူး (၄၈၀)အပါအဝင် ကုန်ပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၀၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)နှင့် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Uncle Barns Tempura Flour အိတ် (၆၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zhong Tong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်သစ်မာ (၂ ဒသမ ၈၉၈)တန်၊ အခြားသစ်(၁ ဒသမ ၅၀၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၃၀၂၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၉၇၃၀၂၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၃၁ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်သည့် Honda Fit (၃)စီး၊ Toyota Crown (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ဂါလန်(၂၈၈၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ ခန္တီးမြို့နယ်၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၁၀၀၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ ဇူလိုင်လ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၈၄၈၅၀၇)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဩဂုတ် ၁

# အင်းစိန်ပဟိုအကျဉ်းထောင်တွင် အကျဉ်းသူများ ရိုက်နှက်ခံရဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

အင်းစိန်ပဟိုအကျဉ်းထောင်တွင် အကျဉ်းသူနှစ်ဆယ်ခန့် ရိုက်နှက်ခံရဟူသော ခေါင်းစဉ်ဖြင့် RFA Burmese အမည်ခံ Facebook Page က ဇူလိုင်လ ၂၅ ရက်တွင် ပြည်သူလူထုမှအထင်အမြင်လွဲမှားစေရန် အဖျက်အမှောင့်သတင်းအဖြစ် မဟုတ်မမှန်လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်အား စိစစ်ရာတွင် အကျဉ်းထောင်၏ စည်းမျဉ်းစည်းကမ်းများအရ အကျဉ်းသား၊ အကျဉ်းသူများအား ညစဉ် ၉ နာရီတွင် အိပ်ချိန်အဖြစ်သတ်မှတ်ထားသော်လည်း ဇူလိုင်လ ၂၀ ရက်တွင် အမျိုးသမီးအိပ်ဆောင်(၁)ရှိ အကျဉ်းသူများအနက် အကျဉ်းသူလေးဦးတို့သည် သတ်မှတ်ပေးထားသော အိပ်ချိန်တွင် အိပ်စက်ခြင်းမရှိဘဲ စကားပြောနေကြသည်ကို တာဝန်ကျဝန်ထမ်းများမှ အိပ်စက်ရန် သွားရောက်ပြောဆိုသော်လည်း အိပ်စက်ခြင်းမရှိဘဲ အကြိမ်ကြိမ်သွားရောက်ပြောဆိုမှသာ ယင်းအကျဉ်းသူလေးဦးသည် အိပ်စက်သွားခဲ့ကြောင်း။

ထို့ပြင် ဇူလိုင်လ ၂၁ ရက် ညတွင်လည်း ယင်းအကျဉ်းသူလေးဦးတို့သည် အိပ်ဆောင်တာဝန်ခံက သတ်မှတ်ထားသောအချိန်တွင် အိပ်စက်ရန်နှင့် အကျဉ်းထောင်၏ စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန် သတိပေးပြောကြားသော်လည်း အကျဉ်းသူလေးဦးအနက်မှ အကျဉ်းသူနှစ်ဦးသည် အကျဉ်းထောင်ဝန်ထမ်းအား ရိုင်းပျစွာ စည်းကမ်းများမလိုက်နာနိုင်ကြောင်း ပြန်လည်ပြောဆိုသဖြင့် ယင်းအကျဉ်းသူနှစ်ဦးအား အိပ်ဆောင်ခွဲ၍ ထိန်းသိမ်းခြင်းသာဖြစ်ကြောင်း၊ အကျဉ်းသူများအား ဝိုင်းဝန်းရိုက်နှက်ခြင်းများမရှိကြောင်း။

အဆိုပါအကျဉ်းသူများသည် ရောဂါခံစားနေရသူများမဟုတ်ဘဲ ကျန်းမာရေးကောင်းမွန်သူများဖြစ်သည့်အပြင် အကျဉ်းသူနှစ်ဦးအား ဝန်ထမ်းများမှ ထိခိုက်ဒဏ်ရာရရှိအောင် ရိုက်နှက်ခြင်းများမရှိသည့်အတွက် RFA Burmese ၏ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။ **ဝေဝေဖြိုး**

နေပြည်တော် ဩဂုတ် ၁

# ရေကြီးခြင်းသတိပေးချက်

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၃ ဒသမ ၅၃ ပေ (၁၀၂၂ စင်တီမီတာ)အောက် ပေဝက်ကျော်ခန့် (၂၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

နေပြည်တော် ဩဂုတ် ၁

# နောင်ချိုမြို့နယ်တွင် ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide များ ဖမ်းဆီးရမိ

နောင်ချိုမြို့နယ်တွင် ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင်လ ၂၉ ရက် မွန်းတည့် ၁၂ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာရှိ ယန်ဆန်၏နေအိမ်ခြံဝင်းကို သတင်းအရ ရှာဖွေရာ သံပီပါ ၂၇၀ အတွင်းမှ ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide ၁၃၅၀၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ယန်ဆန် ၃၉ နှစ်နှင့် ယန်အင်ချီ ၄၁ နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



ယန်ဆန်နှင့် ယန်အင်ချီတို့အား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း Sodiym Cyanide များနှင့်အတူတွေ့ရစဉ်။

# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
## (၆၅) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**
ဇ – ၁၆၈၇၇၅

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု**
ဇ – ၃၃၇၅၀၃

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု**
ဃ – ၂၂၆၈၅၉

**ဆုတစ်ဆုစျင်း ကျပ်သိန်း (၅၀၀) ဆုများ**

| | |
|---|---|
| ဈ – ၁၇၆၆၃၇ | ဈ – ၆၃၈၇၇၅ |
| ဇ – ၄၄၀၂၇၀ | ဃ – ၆၇၅၅၉၃ |
| က – ၄၉၉၂၃၅ | |

**ဆုတစ်ဆုစျင်း ကျပ်သိန်း (၂၀၀) ဆုများ**

| | |
|---|---|
| ဇ – ၄၄၂၉၁၈ | ခ – ၅၈၁၄၈၀ |
| င – ၄၉၀၄၆၄ | င – ၇၇၄၂၀၇ |
| ဂ – ၅၀၆၄၂၃ | ဇ – ၈၆၉၅၁၀ |

**ဆုတစ်ဆုစျင်း ကျပ်သိန်း (၁၀၀) ဆုများ**

| | | |
|---|---|---|
| ဇ – ၂၂၅၆၇၇ | ဂ – ၅၉၁၃၉၂ | ဈ – ၇၅၃၇၁၆ |
| ခ – ၂၃၈၅၇၇ | က – ၆၃၁၇၀၀ | ဆ – ၈၄၀၂၆၀ |
| ခ – ၃၅၁၄၂၇ | ခ – ၇၀၀၁၃၄ | |
| က – ၄၅၆၁၆၈ | ခ – ၇၁၅၃၁၅ | |

**ဆုတစ်ဆုစျင်း ကျပ်သိန်း (၅၀) ဆုများ**

| | |
|---|---|
| ဇ – ၁၄၈၁၁၀ | ခ – ၆၆၆၉၉၁ |
| င – ၂၃၃၀၈၈ | ဈ – ၇၃၅၅၀၀ |
| ဂ – ၂၆၁၅၃၁ | ဇ – ၇၆၆၂၂၃ |
| ဇ – ၃၇၂၁၆၅ | င – ၇၈၀၇၄၃ |
| ဃ – ၄၂၃၆၈၅ | ခ – ၈၆၂၂၁၀ |
| ခ – ၄၉၀၄၅၂ | ဆ – ၉၄၇၄၈၅ |
| ဃ – ၅၉၆၉၃၅ | |

**ဆုတစ်ဆုစျင်း ကျပ်သိန်း (၂၀) ဆုများ**

| | | |
|---|---|---|
| ခ – ၁၂၉၂၅၁ | ဂ – ၄၄၇၅၂၅ | င – ၇၉၆၀၅၀ |
| ဂ – ၁၅၃၅၄၅ | ဂ – ၆၀၇၃၇၇ | ဃ – ၈၅၄၃၇၄ |
| ဃ – ၁၇၀၂၂၅ | က – ၆၀၇၈၂၀ | င – ၈၅၇၃၅၄ |
| ခ – ၃၅၂၃၀၆ | ဆ – ၆၂၆၅၀၀ | ခ – ၈၇၃၆၉၃ |
| ခ – ၃၅၅၆၉၇ | ဆ – ၆၈၅၁၀၃ | ဈ – ၉၉၉၉၁၇ |
| က – ၃၇၇၆၃၁ | ခ – ၇၈၃၃၇၇ | |

**ဆုတစ်ဆုစျင်း ကျပ် (၁၀) သိန်းဆုများ**

| | | |
|---|---|---|
| ခ – ၂၅၇၇၆၇ | ဆ – ၄၂၈၃၅၄ | ခ – ၇၁၈၅၈၉ |
| ဈ – ၂၇၃၃၆၈ | ဃ – ၄၆၆၁၈၈ | က – ၈၄၆၈၃၀ |
| ဈ – ၂၉၁၀၇၁ | ဃ – ၄၉၄၅၀၀ | ခ – ၉၄၇၇၁၃ |
| ဇ – ၃၅၅၈၈၁ | ဆ – ၆၁၀၂၃၄ | က – ၉၉၀၃၄၆ |
| က – ၃၉၅၈၃၀ | ဈ – ၆၂၄၂၈၂ | |

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၃) သိန်းဆုများ (၃)ယူနစ်**

ခ – ၂၈၂၉၉ ဃ – ၉၁၃၃၄
ဈ – ၇၅၈၄၆

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၂) သိန်းဆုများ (၃)ယူနစ်**

င – ၄၅၇၁ ဇ – ၆၇၄၁
င – ၆၃၅၂

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ် (၁) သိန်းဆုများ (၈)ယူနစ်**

| | | |
|---|---|---|
| င – ၁၄၇ | င – ၃၃၆ | က – ၅၅၃ |
| င – ၁၅၀ | ခ – ၃၉၅ | ဃ – ၈၃၁ |
| ဆ – ၂၃၁ | ဂ – ၄၃၅ | |

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၅) သောင်းဆုများ (၃)ယူနစ်**

ခ – ၂၈ ဇ – ၄၇
ဆ – ၂၈

အက္ခရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၁) သောင်းဆု (၁) ယူနစ်**

ဂ – ၁

အက္ခရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

**ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်စီးမြှင့်သောဆုမဲများ**

**ဆုတစ်ဆုစျင်း ကျပ် (၁၀) သိန်းဆုများ**

| | |
|---|---|
| င – ၁၂၀၅၂၃ | ခ – ၃၃၆၉၇၅ |
| ခ – ၂၅၇၁၃၀ | ဆ – ၉၉၁၉၅၇ |

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၃) သိန်းဆုများ (၂) ယူနစ်**

ဃ – ၂၆၄၅၅ ဂ – ၅၂၈၇၀

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၂) သိန်းဆုများ(၂) ယူနစ်**

ဈ – ၆၈၅၆
ခ – ၈၅၆၈

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၁) သိန်းဆုများ (၂) ယူနစ်**

ဆ – ၃၄၉
ခ – ၄၂၉

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၄ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့တွင်ကျင်းပသည့် (၆၅) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၀၅၆၁၈) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၀၅၆၁၈) ဦးဖြစ်ပါသည်။

၂။ မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုးဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၆၆)ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉) လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅ ရာခိုင်နှုန်းဖြစ်သော ထီလက်မှတ်အုပ်ရေ (၅၅၂၂၇၆) အုပ်ဖြစ်ပါသည်။

၄။ (၆၅) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၈-၂၀၂၄) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၃-၈-၂၀၂၄) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး ပီဘာပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
RHINO PORTLAND CEMENT
PRODUCT OF MEC EXPORT QUALITY
RHINO CEMENT
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
THE BEST QUALITY TYRE
TBB, TBR, PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
CAR TYRES
CYCLE TYRES
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်း တည်ဆောက်ကာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ


ထီးတန်းဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။


မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။


မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဩဂုတ် ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၃၀ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် လူသုံးကုန်နှင့်အလှကုန်ပစ္စည်း ကီလိုဂရမ် (၁၄၀၇)၊ Tea Pot (၅၂၄ ဒသမ ၃) ကီလိုဂရမ် အပါအဝင်

**စာမျက်နှာ ၂၈ ကော်လံ ၁♦**

## စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ ဝေန်မြစ်ရေကြီးမှုအခြေအနေ

### မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု

**နေပြည်တော် ဩဂုတ် ၁**

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ(၁၀၇၀ စင်တီမီတာ) အထက်သို့ ၅ ပေခွဲခန့် (၁၆၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။ **စာမျက်နှာ ၂၄ ကော်လံ ၄** 🗗

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁-၈-၂၀၂၄

| | | | | |
|---|---|---|---|---|
| ပင်လောင်း | ၆ ဒသမ ၂၂ လက်မ | | တမူး | ၄ ဒသမ ၆၁ လက်မ |
| ရှမ်းရွာသစ် | ၅ ဒသမ ၇၁ လက်မ | | ကျောက်ဖြူ | ၄ ဒသမ ၂၁ လက်မ |
| အမ်း | ၅ ဒသမ ၅၉ လက်မ | | လှိုင်းဘွဲ့ | ၃ ဒသမ ၉၄ လက်မ |
| ပိုင်ကျုံ | ၅ ဒသမ ၅၀ လက်မ | | ပဲခူး | ၃ ဒသမ ၈၂ လက်မ |
| ဘီးလင်း | ၄ ဒသမ ၈၄ လက်မ | | ဘားအံ | ၃ ဒသမ ၆၆ လက်မ |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

